http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

## မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# အာဒိတ္တသုတ္တန်

## တရားတော်

သာသနာ - ၂၅၅၂ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၀၉

http://www.dhammadownload.com


## ဆောင်ပုဒ်များ

ရာဂ ဒေါသ မောဟတစ်ဖြာ၊
ဖြစ်အို သေရေး ပူဆွေးငိုတာ။
ကိုယ်စိတ် ဒုက္ခ ပူရပြင်းစွာ၊
ကိုယ်တွင်းမီး ထိန်ငြိုးဆယ့်တစ်ဖြာ။

မြင်ကြား သိတိုင်း မဆိုင်းမှတ်ပါ။
ရုပ်နာမ် မမြဲ ဆင်းရဲရျည်းသာ
ငါကောင်လည်းပျောက်၊
မျက်မှောက်မြင်ကာ။
ဆယ့်တစ်သီး ဤမီးငြိမ်းစရာ။

http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာ ... 



ကျေးဇူးတော်ရှင် - မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# အာဒိတ္တသုတ္တန်တရားတော်

သာသနာ-၂၅၅၂ ကောဇာ-၁၃၇၀ ခရစ်-၂၀၀၈

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ် (၃၂၀၂၂၂၀၅၀၉)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် (၃၂၀၂၇၃၀၅၀၉)

ပထမအကြိမ်
အုပ်ရေ ၃၀၀၀
ကွန်ပျူတာစာစီ – ကိုအေးချမ်း ( တင့်တူ )
ခရစ်နှစ် ၂၀၀၉–ခုနှစ် မေလ

ထုတ်ဝေသူ
ဦးဖုန်းမြင့်
ထုတ်ဝေသူအမှတ် (၂၄၀)
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ မဟာစည်သာသနာ့ရိပ်သာ၊
ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးဌေးလှိုင်(မြဲ ၀၂၄၅၃) ခရီးဖော်ပုံနှိပ်တိုက် အမှတ်–၇၅၊
ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်။

ဤစာအုပ်သည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် မူပိုင်ဖြစ်သည်။
ဖုန်း–၅၄၁၉၇၁ – ၅၄၅၉၁၈

http://www.dhammadownload.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

---

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော် ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာ တော်အတွက် အကျိုး ကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့ လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ် များပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံး အလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည် တရားတော် ပြန့်ပွားရေး ထာဝရပဒေသာပင်တစ်ပင်လျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပဒေသာပင်စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ် လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူ ဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၄၁၉၇၁

http://www.dhammadownload.com

# ဆဋ္ဌသင်္ဂါယနာ အဂ္ဂမဟာပဏ္ဍိတ
# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး

## ဟောကြားရေးသားပြုစုတော်မူသောတရားစာအုပ်များနှင့် ကျမ်းစာအုပ်များစာရင်း

၁။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း
၂။ ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း
၃။ ကမ္မဝါ
၄။ ကာမသုတ္တန်တရားတော်
၅။ ကမ္မဋ္ဌာသာသနာပြုစာတမ်း
၆။ ကမ္မဋ္ဌာသာသနာပြုတရားတော် (ပ)
၇။ ကမ္မဋ္ဌာသာသနာပြုတရားတော် (ဒု)
၈။ ကမ္မဋ္ဌာသာသနာပြုမဇ္ဈိမဒူတခရီး
၉။ ကျွန်တော်(သို့) ၃၃-နှစ် မဟာစည်
၁၀။ ငွေရတုတရားတော်
၁၁။ စူဠဝေဒလ္လသုတ်တရားတော်
၁၂။ တက္ကသိုလ်တရားတော်
၁၃။ တုဝဋ္ဋကသုတ်တရားတော်
၁၄။ ထေရဝုတ္တန္တဝိလာသိနီ (ပ)
၁၅။ ထေရဝုတ္တန္တဝိလာသိနီ (ဒု)

http://www.dhammadownload.com


၁၆။ ဒုလ္လဘရဟန်းသစ်များဩဝါဒကထာ

၁၇။ ဓမ္မစကြာ

၁၈။ ဓမ္မဒါယာဒသုတ်တရားတော်

၁၉။ ဓမ္မဒေသနာဆောင်ပုဒ်များ

၂၀။ ဓမ္မဒေသနာစာစောင်များ (ပ)

၂၁။ ဓမ္မဒေသနာစာစောင်များ (ဒု)

၂၂။ ဓမ္မဒေသနာစာစောင်များ (တ)

၂၃။ ဓမ္မဒေသနာစာစောင်များ (စ)

၂၄။ နိဗ္ဗာန်ဆိုင်ရာတရားတော်

၂၅။ နိုင်ငံခြားသာသနာပြုခရီးအတွေ့အကြုံ

၂၆။ ပဋိစ္စသမုပ္ပါဒ် (ပထမတွဲ)

၂၇။ ပဋိစ္စသမုပ္ပါဒ် (ဒုတိယတွဲ)

၂၈။ ပဋိပတ္တိသာသနာ

၂၉။ ပုရာဘေဒသုတ်တရားတော်

၃၀။ ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်

၃၁။ ဗြဟ္မစိုရ်တရားတော်ကြီး

၃၂။ ဗြဟ္မဝိဟာရတရားတော်

၃၃။ ဗောဇ္ဈင်သုတ်တရားတော်

၃၄။ ဘဝပြဿနာ

၃၅။ ဘာရသုတ္တန်တရားတော်

၃၆။ ဘုရားရှိခိုး

http://www.dhammadownload.com

၃၇။ မဟာစည်ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိအကျဉ်း
(ပထမပိုင်း)
၃၈။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအထူ)
၃၉။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအပါး)
၄၀။ မဟာသမယသုတ်၊ (၃)သုတ်တရားတော်
၄၁။ မဟာသတိပဋ္ဌာန်(၃) စောင်တွဲ
(ဓမ္မစကြာ+အနတ္တ+မဟာသတိပဋ္ဌာန်)
၄၂။ မဟာသတိပဋ္ဌာန် ပါဠိ နိဿယ
၄၃။ မဟာသတိပဋ္ဌာန် ဝိပဿနာရှုနည်း (အကျဉ်း)
၄၄။ မာလုကျပုတ္တသုတ်တရားတော်
၄၅။ ရှစ်ဖြာမင်္ဂနိဗ္ဗာန်ဝင်တရားတော်
၄၆။ ဝိပဿနာရှုနည်းကျမ်း (ပ)
၄၇။ ဝိပဿနာရှုနည်းကျမ်း (ဒု)
၄၈။ ဝိပဿနာအလုပ်ပေးတရားတော်
၄၉။ ဝိပဿနာလမ်းညွှန်ကျမ်း
၅၀။ ဝိပဿနာအခြေခံတရားတော်
၅၁။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ပ)
၅၂။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (ဒု)
၅၃။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (တ)
၅၄။ ဝိသုဒ္ဓိမဂ်-မြန်မာပြန် (စ)
၅၅။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)

http://www.dhammadownload.com


၅၆။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ
၅၇။ ဝမ္မိကသုတ်တရားတော်
၅၈။ ဝါကျာဝယ ဝဏ္ဏနာကျမ်း
၅၉။ ဝိနယဝိနိစ္ဆယသင်္ဂဟကျမ်း
၆၀။ ဝတ်ရွတ်စဉ် (မဟာစည်)
၆၁။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)
၆၂။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက်(ဒု)
၆၃။ သက္ကပဉှသုတ်တရားတော်
၆၄။ သမ္မာပရိဗ္ဗာဇနီယသုတ်
၆၅။ သီလဝန္တသုတ်တရားတော်
၆၆။ သလ္လေခသုတ်တရားတော် (ပ)
၆၇။ သလ္လေခသုတ်တရားတော် (ဒု)
၆၈။ သစ္စာလေးပါးတရားတော်
၆၉။ ဟေမဝတသုတ်တရားတော်
၇၀။ ဟောဇဉ်သုတ်
၇၁။ အနတ္တလက္ခဏာသုတ်တရားတော်
၇၂။ အရိယာဝါသ
၇၃။ အဘိဓမ္မာတရားတော်
၇၄။ အာသီဝိသောပမသုတ်
၇၅။ ဩဝါဒအမွေများ
၇၆။ ဩဝါဒကထာပေါင်းချုပ်

http://www.dhammadownload.com

၇၇။ လောကဓံတရားတော်
၇၈။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွန့်ပေါင်း (ပ)
၇၉။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွန့်ပေါင်း (ဒု)
၈၀။ မဟာစည်နှစ်(၅၀)ရွှေရတုသမိုင်းမှတ်တမ်း
၈၁။ မဂ္ဂင်ရှစ်ပါး
၈၂။ ဝိသုဒ္ဓိမဂ်မဟာဋီကာ
၈၃။ ရာပြည့်မော်ကွန်း
၈၄။ အာဒိတ္တသုတ္တန်တရားတော်

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |


| | | |
| --- | --- | --- |
| ၁။ | ထေရုပ္ပတ္တိအကျဉ်း | က |
| ၂။ | အကြောင်းပြန်နိဒါန်း | င |
| ၃။ | တရားအဖွင့် | ၁ |
| ၄။ | အာဒိတ္တသုတ္တန်တရားတော် ဟောခြင်းအကြောင်း | ၂ |
| ၅။ | တန်ခိုးပြခြင်း | ၅ |
| ၆။ | ဥရုဝေလကဿပအထင်ကြီးပုံ | ၇ |
| ၇။ | တန်ခိုးပြရခြင်းအကြောင်း | ၈ |
| ၈။ | တွေဒင်္ဂရမည့်သူ | ၈ |
| ၉။ | တန်ခိုးတော်နှင့် ဥရုဝေလကဿပ | ၁၀ |
| ၁၀။ | ဥရုဝေလကဿပကန်တော့ခြင်း | ၁၄ |
| ၁၁။ | ရသေ့ငါးရာ ပေဟိဘိက္ခု ရဟန်း ဖြစ်ခြင်း | ၁၅ |
| ၁၂။ | ရဟန်းတစ်ထောင် | ၁၅ |
| ၁၃။ | ရဟန်းတစ်ထောင်နှင့် ရာဇဂြိုဟ် ကြွတော်မူပြီ | ၁၆ |
| ၁၄။ | အာဒိတ္တသုတ္တန်နာကြားပြီး ရဟန်းတို့ ရဟန္တာဖြစ်ခြင်း | ၁၇ |
| ၁၅။ | အကျိုးများသော သုတ်တော် | ၁၇ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | အာဒိတ္တသုတ္တန်တရားတော် | ၁၈ |
| ၁၇။ | မြင်ရာ၌မီးလောင်ပုံ | ၁၉ |
| ၁၈။ | မြင်ခြင်းသဘော | ၂၁ |
| ၁၉။ | မြင်ခြင်း၌ မီးလောင်ပုံ | ၂၃ |
| ၂၀။ | မီးသုံးပါး | ၂၄ |
| ၂၁။ | ရာဂမီးလောင်ပုံ | ၂၅ |
| ၂၂။ | ဒေါသမီးလောင်ပုံ | ၂၆ |
| ၂၃။ | မောဟမီးလောင်ပုံ | ၂၇ |
| ၂၄။ | နောက်ထပ်မီးသုံးပါး | ၂၇ |
| ၂၅။ | ဇာတိမီးလောင်ပုံ | ၂၈ |
| ၂၆။ | ဇရာမီးလောင်ပုံ၊ မရဏမီးလောင်ပုံ | ၂၉ |
| ၂၇။ | သောကမီး | ၃၀ |
| ၂၈။ | ပရိဒေဝမီး | ၃၀ |
| ၂၉။ | ဒုက္ခမီး ကိုယ်ဆင်းရဲဖြစ်ပုံ | ၃၁ |
| ၃၀။ | နာခြင်းမီး | ၃၂ |
| ၃၁။ | ဒေါမနဿမီး | ၃၂ |
| ၃၂။ | ဥပါယာသမီး | ၃၃ |
| ၃၃။ | မီးတစ်ဆယ့်တစ်ပါး | ၃၃ |
| ၃၄။ | ကိုယ်တွင်းမီးတွေ | ၃၄ |

http://www.dhammadownload.com

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၅။ | ကြားခြင်း၌ မီးလောင်ပုံ | ၃၅ |
| ၃၆။ | မီးနှင့်အစွဲ | ၃၆ |
| ၃၇။ | ဆောင်ပုဒ် | ၃၆ |
| ၃၈။ | နံရာ၌မီးလောင်ပုံ | ၃၇ |
| ၃၉။ | စားရာ၌မီးလောင်ပုံ | ၃၈ |
| ၄၀။ | စားတာနဲ့မီး | ၃၉ |
| ၄၁။ | အထိအတွေ့၌ မီးလောင်ပုံ | ၃၉ |
| ၄၂။ | ထိတွေ့မှုနှင့် မီးသုံးခု | ၄၀ |
| ၄၃။ | မောဟမီး | ၄၁ |
| ၄၄။ | ဇာတိနှင့်မီး | ၄၂ |
| ၄၅။ | စိတ်ကူးကြံစည်မှု၌ မီးစွဲလောင်ပုံ | ၄၂ |
| ၄၆။ | စိတ်ကူးကြံစည်မှုနှင့် အခြားဒွါရများ | ၄၃ |
| ၄၇။ | အမြဲတမ်းဖြစ်နေတာ | ၄၄ |
| ၄၈။ | သုကာသာ အသွားဆုံး | ၄၄ |
| ၄၉။ | ဝေဒနာမီးတွေ | ၄၅ |
| ၅၀။ | မီးလောင်စာတွေ | ၄၇ |
| ၅၁။ | စိတ်ကူးမီးလောင်စာ | ၄၈ |
| ၅၂။ | မီးလောင်စာသုံးဆယ်နှင့် မီးရသော့ ရဟန်းတစ်ထောင် | ၄၈ |
| ၅၃။ | ရှုမှတ်နေမှု | ၄၉ |

http://www.dhammadownload.com


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅၄။ | ရှုမှတ်မှမီးငြိမ်းတယ် | ၅၀ |
| ၅၅။ | မီးနဲ့အရသာ | ၅၀ |
| ၅၆။ | ဖြစ်ပြီးပျောက်ပါပဲ | ၅၁ |
| ၅၇။ | ဆင်ခြင်ယုံမျှဖြင့် ရုပ်နာမ်ကွဲပါ့မလား | ၅၁ |
| ၅၈။ | သတိပဋ္ဌာန်နည်းကျ အားထုတ်မှု | ၅၂ |
| ၅၉။ | အားထုတ်ပုံ | ၅၃ |
| ၆၀။ | ရုပ်နာမ်မမြဲ ဆင်းရဲချည်းသာ | ၅၃ |
| ၆၁။ | ငြီးငွေ့ပြီ | ၅၄ |
| ၆၂။ | မီး ငြီးငွေ့မှုနှင့် လွတ်မြောက်မှု | ၅၅ |
| ၆၃။ | နိဗ္ဗာန်ဆိုက်ရောက်ပုံ | ၅၆ |
| ၆၄။ | ပြန်လှည့်ဆင်ခြင်ပုံ | ၅၇ |
| ၆၅။ | တရားနိဂုံး | ၅၈ |
| ၆၆။ | အမျှဝေ မေတ္တာပို့ | ၅၈ |

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်
# မဟာစည်ဆရာတော်ဘုရားကြီး
# ထေရုပ္ပတ္တိအကျဉ်း

ဆဋ္ဌသင်္ဂါယနာပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်လောင်းလျာ သားရတနာကို ရွှေဘိုခရိုင်၊ ဆိပ်ခွန်ရွာ၌ အဘ ဦးကံတော်+အမိ ဒေါ်ရွှေအုပ်–တို့မှ သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၃)ရက်၊ သောကြာနေ့ (၂၉–၇–၁၉၀၄)တွင် ဖွားမြင်ခဲ့လေသည်။ ငယ်နာမည်မှာ "မောင်သွင်" ဖြစ်သည်။

အသက်(၁၂)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သက်တော်(၂၀)တွင် ရဟန်းပြုခဲ့သည်။ ဘွဲ့အမည်မှာ အရှင်သောဘန ဖြစ်ပါသည်။ ပရိယတ္တိစာပေ၊ နေ့ဝါ၊ ညဝါ ကျမ်းစာအရပ်ရပ်ကို သင်ယူတော်မူခဲ့ပြီး၊ ၁၃၀၃–ခုနှစ်တွင် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ မန္တလေးမြို့၊ အနောက်ပြင်

http://www.dhammadownload.com



ခင်မကန်တိုက်၌ ကျော်စောသော ဆရာတော်များထံ ပရိယတ္တိ ကျမ်းစာများ သင်ယူဆည်းပူးတော်မူခြင်း၊ သထုံမင်းကွန်း ဇေတဝန် ဆရာတော်ဘုရားကြီးထံ ပဋိပတ်ကို နည်းခံ ကျင့်ကြံ အားထုတ်ခြင်းတို့ဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံထူးချွန်သည့် ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူခဲ့လေသည်။

ဆရာတော်သည် သိက္ခာတော်(၂၅)ဝါ၊ ရသည့်ထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင် တောင်ဝိုင်း ကလေးကျောင်းတို့တွင် အခါအားလျော်စွာ သီတင်းသုံးနေထိုင် တော်မူ၍ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားပို့ချ နည်းနာညွှန်ပြ တော်မူခဲ့သည်။

၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆)ရက် နေ့ (၁၀–၁၁–၁၉၄၉)တွင် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ ပင့်ဆောင်ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့၊ သာသနာ့ ရိပ်သာသို့ ရောက်ရှိတော်မူလာပါသည်။ (၄–၁၂–၁၉၄၉) မှစ၍ ယောဂီများအား ဝိပဿနာတရား ဟောကြားပြသတော်မူ ခဲ့သည်။ ရိပ်သာ၏အမည်သည် "မဟာစည် သာသနာ့ ရိပ်သာ"ဟု တွင်ခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၅–ခုနှစ်တွင် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် ခံယူရရှိ

http://www.dhammadownload.com



တော်မူသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် "ဆဋ္ဌသင်္ဂီတိ ပုစ္ဆက" တာဝန်ကို ဆောင်ရွက်တော်မူသည်။ ၎င်းအပြင် "ဆဋ္ဌသင်္ဂါယနာသြဝါဒါစရိယ" စသည့် သာသနာ့တာဝန် အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့လေသည်။ ထိုစဉ်က ဆဋ္ဌသင်္ဂီတိ ဝိသဇ္ဇက-ကား တိပိဋကဓရ ဆရာတော် "အရှင်ဝိစိတ္တသာရာဘိဝံသ"ပင်တည်း။

၁၃၀၅-ခုနှစ်တွင် မဟာစည်ဆရာတော် စီရင်ရေးသားတော်မူသော ဝိပဿနာရှုနည်းကျမ်းကြီးနှစ်တွဲသည် ကျော်စောထင်ရှားလှပေသည်။

ဆက်လက်ပြုစုသောကျမ်းများနှင့် ဟောစဉ်တရားများမှ စာအုပ်အဖြစ်သို့ ရောက်ရှိလာသော ကျမ်းစာအုပ်ပေါင်းမှာ(၇၀)ကျော် ရှိပေသည်။

ဆရာတော်ဘုရားကြီးသည် သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံအတွင်း မဟာစည်သြဝါဒခံ ရိပ်သာခွဲပေါင်း (၃၀၀) ကျော်တည်ရှိခဲ့ပြီး၊ ကမ္ဘာအရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင်ပေးတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီးပြသတော်မူသော ဝိပဿနာတရား ပွားများကျင့်ကြံအားထုတ်ပြီးသူ ရဟန်း၊ ရှင်၊ လူ၊ ယောဂီဦးရေ (၇၀၀၀၀၀)

http://www.dhammadownload.com



ကျော် ရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ စသော အရှေ့တိုင်းနိုင်ငံများနှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိကစသော အနောက်နိုင်ငံများ အပါအဝင် ကမ္ဘာအရပ်ရပ်တို့မှ ပင့်ဖိတ်လျှောက်ထားချက်များအရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးကို ဆောင်ရွက်တော်မူခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် သက်တော် (၇၈)၊ သိက္ခာတော် (၅၈)ဝါ ရရှိရာ ၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၁၀) ရက်နေ့ (၁၄–၈–၁၉၈၂) စနေနေ့တွင် မဟာစည်သာသနာ့ရိပ်သာ စံကျောင်းတော်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

http://www.dhammadownload.com

## "အကြောင်းပြ နိဒါန်း"

အနန္တကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော "အာဒိတ္တသုတ္တန်" တရားတော်ကြီးကို လွန်ခဲ့သော ၁၃၃၈–ခု တော်သလင်းလပြည့်ကျော်(၄)ရက် နေ့က ရန်ကုန်မြို့ ရွှေသာလျောင်းဘုရားကြီး၏ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကြီးတွင် ဟောကြားတော် မူခဲ့ရာ ယခုနှစ်ပေါင်းသုံးဆယ်ကျော်မှ တရားတော်စာမူကို တွေ့ရှိဖတ်ရှုရလေတော့သည်။

တရားတော်စာမူကို ဓမ္မဒါနရှင်များဖြစ်ကြသည့် ဦးတင်စိုး နှင့်ဦးအေးကြူတို့က တိပ်ခွေမှလက်နှိပ်စက် စာမူကျမ်းပြု၍ (၂၂–၉–၇၆) နေ့တွင် အချောကူးပြီးသည်ဟု မှတ်တမ်းတင်ထားပါသည်။

ထိုစာမူကို ဘဒ္ဒန္တဝိဇ္ဇောဘာသ–ဒီဃဘာဏက–ဓမ္မာ စရိယက မမျှော်လင့်ပဲ ရုတ်တရက်တွေ့ရှိရ၍ စာမူကိုဖတ် ကြည့်ရာ ယခင်ကထုတ်ဝေခဲ့သော မဟာစည်စာအုပ်များကဲ့သို့ ဤစာမူမှာလည်း စာအုပ်ဖြစ်သင့်သော စာမူကောင်းတစ်ခုဟု သဘောရသဖြင့် စာရေးသူထံ ပေးပို့ခဲ့ပါသည်။

ထို့ကြောင့် စာမူကို ဖတ်ရှုပြင်ဆင်၍ မဟာစည် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ တရားတော်ပြန့်ပွားရေးအဖွဲ့ငယ်သို့ ပို့ကာ စာအုပ်ဖြစ်မြောက်ရေးအတွက် တင်ပြခဲ့ပါသည်။

အာဒိတ္တသုတ္တန်ကို အခြားသော ဓမ္မကထိကများ ဟောကြားသည်ကို စာရေးသူတို့ နာဖူးကြပါသည်။ သို့သော်

http://www.dhammadownload.com



မတ္တူလှပါ၊ မဟာစည်ဆရာတော်ဘုရားကြီးဟောပုံမှာ တရားအလုပ်အားထုတ်မှုနှင့်ညှိ၍ ဟောကြားထားသဖြင့် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းပါသည်။

အချို့က မီးတစ်ဆယ့်တစ်တန်ငြိမ်းရာမှန်သော နိဗ္ဗာန်ရွှေပြည်မြတ်ကြီးသို့–ဟု ဆုတောင်းပေးတတ်ကြသည့် စသည်ဖြင့်အစချီကာ ရသေ့ညီနောင်ရှင်တစ်ထောင်တို့ကို အကြောင်းပြု၍ ဟောခဲ့ပုံ မီးဆယ့်တစ်တန်တို့၏ အလွယ်တကူသိရန်လက်ာ၊ မီးလောင်ပုံ၊ တစ်ဒွါရမှာမီးစာ ငါးမျိုးရှိပုံ၊ မီးကလောင်မှန်းမသိပုံတွေကိုလဲ ဟောကြားထား၏။

မီးငြိမ်းပုံ မီးငြိမ်းအောင် ဝိပဿနာတရားရှုရပုံအဲဒီတော့မှ နာမရူပပရိစ္ဆေဒဉာဏ်စသည့် အဆင့်ဆင့် ဖြစ်ပုံအထက်ထက်ဉာဏ်တွေဖြစ်ပြီး ရုပ်နာမ်ချုပ်ငြိမ်းရာသို့ ရောက်ပုံရှုမှတ်ခြင်းဖြင့် ဉာဏ်စဉ်အဆင့်ဆင့်တက်၍ ရသေ့ညီနောင်တို့ရဟန္တာဖြစ်ပုံများကို ဟောထား၏၊ အကျယ် တဝင့်သိရန်ဤတရားတော်စာအုပ်ကို ဆက်လက်ဖတ်ရှုသွားရန် တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါသည်။

ဘဒ္ဒန္တဇဋိလ
သာသနဓဇ သိရီပဝရ ဓမ္မာစရိယ
ဝိနယပါဠိပါရဂူ
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
မဟာစည်နာယကဆရာတော်

http://www.dhammadownload.com

# အာဒိတ္တသုတ္တန် တရားတော်

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

၁၃၃၈–ခုနှစ်၊ တော်သလင်းလပြည့်ကျော်(၄)ရက်၊ ည(၇း၃၀)နာရီတွင် ရန်ကုန်မြို့၊ ခြောက်ထပ်ကြီး ရွှေသာလျောင်းဘုရားကြီး နှစ်စဉ်အသံမစဲ ပဋ္ဌာန်းတရားပွဲ နောက်ဆုံးည၊ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး ဟောကြားတော်မူသည်။

### တရားအဖွင့်

ဒီကနေ့ ၁၃၃၈–ခုနှစ်။ တော်သလင်းလပြည့်ကျော် (၄)ရက်၊ အချိန်က ညဖြစ်တယ်၊ (၇)နာရီခွဲ ဆိုပါတော့၊ ခြောက်ထပ်ကြီး၊ ရွှေသာလျောင်းဘုရားကြီး အကြောင်းပြု ပြီးတော့ အသံမစဲပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ ကျင်းပလာကြတာ (၁၁)ကြိမ်မြောက်ရှိပြီ၊ ဘုန်းကြီးတို့လဲ နှစ်တိုင်းပဲ ဟောရပါတယ်၊ တစ်ကြိမ်လား၊ နှစ်ကြိမ်လား မဟောရတာတော့ရှိပါတယ်။ ဒီနေ့ (၁၁)ကြိမ်မြောက် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲနှင့် တရားပွဲနောက်ဆုံးညပဲ။

ဘာတရားဟောရမလဲဆိုတော့ ဘုန်းကြီးမှာက အရင်ကရိုက်ထားတဲ့ အာဒိတ္တသုတ် တရားတော် ဆောင်ပုဒ်တွေ အပိုတွေရှိနေတာနှင့် ဒီတရားဟောမှပဲလို့ စဉ်းစားထားပါတယ်။ ဆောင်ပုဒ်စာရွက်က နည်းနေတယ်၊ ပရိတ်သတ်က

http://www.dhammadownload.com



အများကြီးဖြစ်နေပြီ၊ အခါတိုင်းက ဒီတစ်ဝက်လောက်ပဲ ရှိတာကိုး၊ အခုအများကြီး ဖြစ်နေတယ်၊ ဒါပေမယ်လို့ ဆောင်ပုဒ်စာရွက်ရထားတဲ့ ပုဂ္ဂိုလ်တွေက အသံကျယ်ကျယ် ဆိုကြတာပေါ့လေ၊ အခုမှ ပြန်းကနဲဆိုတော့ မတတ်နိုင်တော့ဘူး။

အာဒိတ္တသုတ်ဆိုတာဟာ အင်မတန်ထင်ရှားတဲ့ သုတ်ပါပဲ၊ ကြားနာဘူးတဲ့ ပုဂ္ဂိုလ်တွေလဲ တော်တော် များများရှိပါလိမ့်မယ်၊ မကြားနာဘူးသေးတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိမှာပါပဲ၊ "အာဒိတ္တ"ဆိုတာ "ရဲရဲ ပြောင်ပြောင် မီးစွဲလောင်နေတယ်" ဆိုတဲ့ အဓိပ္ပာယ်ရှိပါတယ်။ အဲဒီစွဲလောင်နေတဲ့မီးတွေဟာ တစ်ဆယ့်တစ်ပါးတဲ့၊ ရေစက်ချတဲ့ဆရာတော်များ နိဗ္ဗာန်ဆုကို ပေးတဲ့အခါကျရင် "မီးဆယ့်တစ်တန် ငြိမ်းရာမှန်သော နိဗ္ဗာန်ရွှေပြည်မြတ်သို့" ဆိုပြီးတော့ ဒီလိုလည်းပဲ ဆုတောင်းပေးလေ့ရှိကြပါတယ်။

## အာဒိတ္တသုတ္တန်တရားတော် ဟောရခြင်းအကြောင်း

သာသနာတော်မှာ ဒီတရားဟာ တော်တော်ရှေးကျတဲ့ တရားပါပဲ။ မြတ်စွာဘုရား ဘုရားဖြစ်တော် မူပြီးတဲ့နောက်၊ ဘုရားပွင့်တော်မူပြီးတဲ့နောက် တစ်ဝါကျွတ်တဲ့အခါကာလမှာ ရဟန္တာခြောက်ကျိပ်ရ၊ အဲဒီ ရဟန္တာခြောက်ကျိပ်တို့ကို ထိုထိုအရပ်တွေ ဒေသစာရီ လှည့်လည်ပြီးတော့ တရားဟောဖို့ ရာစေလွှတ်ပြီးတော့ မြတ်စွာဘုရားကိုယ်တိုင်က ဥရုဝေလတောကို ကြွတော်မူပါတယ်၊ ဥရုဝေလတောမှာ ဥရုဝေလကဿပ အမျိုးရှိတဲ့ ရသေ့တစ်ထောင်ရှိပါတယ်။

http://www.dhammadownload.com



ဥရုဝေလကဿပ သူကအကြီးဆုံး၊ သူ့မှာ တပည့်ပရိသတ်အပေါင်း ငါးရာရှိတယ်။ ဥရုဝေလ ကဿပရဲ့ညီ နဒီကဿပ သူ့မှာ တပည့်ပရိသတ် သုံးရာရှိတယ်၊ ညီအငယ်ဆုံး ဂယာကဿပဆိုတာက တပည့်ပရိသတ် နှစ်ရာရှိတယ်၊ အားလုံးပေါင်းလိုက်ရင် တစ်ထောင်ရှိပါတယ်၊ ဥရုဝေလတောမှာ သီတင်းသုံးပြီးတော့နေကြတယ်၊ မြတ်စွာဘုရားပွင့်တော်မူတဲ့ အရပ်ဒေသ တစ်ဝိုက်မှာပဲ။ နေရဉ္ဇရာမြစ်ရိုးတစ်လျှောက်ပေါ့၊ သိပ်မဝေးလှပါဘူး။ တစ်နေရာနဲ့တစ်နေရာ နီးနီးပါပဲ။

အဲဒီ ရသေ့တစ်ထောင် တရားထူးရဖို့အရေး မြင်တော်မူလို့ မြတ်စွာဘုရား ဥရုဝေလတောကို ကြွတော်မူပါတယ်၊ ဥရုဝေလတောရောက်တဲ့အခါကြတော့ ဥရုဝေလကဿပ အကြီးဆုံးရသေ့ဆရာကြီးထံသွား၊ ရသေ့ဆရာကြီးထံမှာ နေရာတောင်းတယ်၊ ကဿပ–သင် ဝန်မလေးလို့ရှိရင် သင်ရဲ့ပူဇော်တဲ့မီးထားရာဖြစ်တဲ့ အဆောင်မှာ တစ်ညနေခွင့်ပြုပါလို့ ခွင့်တောင်းတယ်။

အဂ္ဂျာဂါရေ၊ အဂ္ဂိ+အာဂါရ သဒ္ဒါတတ်တဲ့သူတွေ သန္ဓိပိုင်းမှာကတည်းက တွေ့တယ်၊ အဂ္ဂျာဂါရေ–မီးတင်းကုတ်၌ ဆိုတော့ မီးဖိုတဲ၊ ထမင်းချက်တဲ့မီးဖိုဆောင်လိုဖြစ်နေတယ်၊ ထမင်းချက်တဲ့ မီးဖိုမဟုတ်ပါဘူး။ အိန္ဒိယမှာ ရှေးကမီးပူဇော်တဲ့ အလေ့အထရှိတဲ့ ပုဂ္ဂိုလ်တွေ ပူဇော်တဲ့ မီးထားရာအရပ်၊ ဘုရားကျောင်းပဲ၊ သူတို့က မီးပူဇော်ရင် ဗြဟ္မာပြည်ရောက်တယ်လို့ ယုံကြည်ကြတယ်၊ အဲဒီမီးထားရာအရပ် သူတို့

http://www.dhammadownload.com



အနေနဲ့ ဘုရားကျောင်းပဲ၊ မြန်မာပြန်ထားတာ မီးတင်းကုတ်ဆိုတော့ ချက်ပြုတ်တဲ့ မီးဖိုလိုလိုဖြစ်နေတယ်၊ အဲဒါလေးလည်းပဲ သိထားဖို့ လိုပါတယ်။ အင်မတန် အမွန်အမြတ်ပြုထားတဲ့ မီးဘုရားဆောင် ပါပဲ။

အဲဒီ မီးထားရာအဆောင်မှာ ဥရုဝေလကဿပ ဝန်မလေးလို့ရှိရင် တစ်ညလောက်နေပါရစေဆိုပြီးတော့ မြတ်စွာဘုရားကခွင့်တောင်း၊ ဥရုဝေလကဿပက ဝန်တော့မလေးပါဘူးတဲ့၊ ဒါပေမယ့် အဲဒီမှာ အင်မတန်အဆိပ်ပြင်းထန်တဲ့ မြွေနဂါးကြီးရှိတယ်၊ မဟာသမဏလို့ သူကခေါ်တယ်၊ ဒီပြင်နေရာကတော့ မဟာသမဏရဟန်းကြီးခေါ်တယ်၊ ဒီမှာတော့ ရဟန်းမြတ်ပါပဲ၊ ဒီနေရာမှာ ဥရုဝေလကဿပကြီးကပဲ ရဟန်းကြီးဖြစ်ပါတယ်၊ အဲဒီအချိန်က မြတ်စွာဘုရားက (၃၅)နှစ် (၃၆)နှစ် ငယ်ငယ်လေးပဲ၊ မကြီးသေးပါဘူး၊ မဟာသမဏ ရဟန်းမြတ်– သင့်အား မြွေနဂါးနှိပ်စက်မှာစိုးတယ်၊ သူကခွင့်ပြုနိုင်ပါတယ်၊ မြတ်စွာဘုရားက နှစ်ကြိမ်တောင်းပန်တယ်၊ သုံးကြိမ်လဲ သူကစိုးရိမ်တဲ့အကြောင်းပဲ ပြောတယ်။

ဒီတော့ မြတ်စွာဘုရားက "ငါ့ကိုတော့ မနှိပ်စက်ပဲရင်လဲ ရှိပါလိမ့်မယ်၊ သင်ကခွင့်ပြုဖို့ပါပဲ" ဆိုတော့ ဒီလိုဆိုရင်တော့ နေနိုင်ပါတယ်၊ ခွင့်ပြုတော့ မြတ်စွာဘုရားက အဲဒီ မီးဘုရား ဆောင်ကို ကြွသွားပါတယ်၊ ကြွသွားပြီး မြက်အခင်းခင်းပြီး တော့ သီတင်းသုံးတာပေါ့။

အိန္ဒိယမှာ ရသေ့ရဟန်းတွေက တိဏသန္ထာရကံ ပညပေတွာ– မြက်အခင်းခင်းပြီးထိုင်ကြတယ်။ မြန်မာပြည့်

http://www.dhammadownload.com



အနေနဲ့တော့ မြက်ခင်းခင်းတယ်ဆိုတော့ အောက်တန်းကျ သလိုလိုထင်ရတယ်၊ မြတ်စွာဘုရား ဘုရားဖြစ်တော်မူမည့် ဗောဓိပင်အောက်မှာနေရာခင်းတော့ မြက်ပဲခင်းတာပါပဲ၊ မြက်ကနေ ပလ္လင်ဖြစ်လာတယ်ဆိုပြီး စုဒ္ဒသဟတ္ထ(၁၄) တောင် (၁၄)မိုက်မြင့်တယ် ကျယ်တယ် အမျိုးမျိုးယူကြပါတယ်။ ဘုန်းကြီးကတော့ အကျယ်ပဲလို့ သဘောကျပါတယ်၊ ထိုင်ဖို့ရာ ပါပဲ၊ မြင့်ဖို့ရာကတော့ ဒီလောက်မလိုပါဘူး၊ အဲဒီမြက်အခင်း ပါပဲ၊ အဲဒီမှာ တချို့ကလဲ ဝုဏ်ရောက်အောင်ဆိုပြီး ရတနာ ခုနစ်ပါးနဲ့ပြီးတဲ့ပလ္လင် ဆိုပြီးတော့ ချီးမွမ်းရှုတ်ဆိုကြပါတယ်၊ အမှန်ကတော့ မြက်အခင်းပါပဲ။

အဲဒီလို မြက်အခင်းခင်းပြီးတော့ ကမ္ဘာ့ဌာန်းထိုင်တဲ့အခါ ထိုင်တဲ့အချိုးမျိုးအတိုင်း ထိုင်တာပါပဲ၊ တင်ပလ္လင်ခွေထိုင်၊ ကိုယ်အထက်ပိုင်းကို ဖြောင့်မတ်စွာထားပြီး ပရိမုခံ–ကမ္ဘာ့ဌာန်း အာရုံဆီသို့ ရှေးရှု၍ သတိတင်း သုံးထိုင်လေပြီတဲ့။

## တန်ခိုးပြခြင်း

အဲဒီလို ထိုင်နေတဲ့အခါမှာ မြွေနဂါးက မနှစ်သက်ဘူး၊ သဘောမကျဘူး၊ သဘောမကျတော့ စိတ်ဆိုးပြီး သူက အခိုးတွေလွှတ်တယ်၊ ရှေးတုန်းကတော့ နဂါးလို့ဆိုတယ်၊ ယခုအခါတော့ နဂါးရယ်လို့ ထင်ထင်ရှားရှား မတွေ့ပါဘူး၊ မြွေတွေပဲ တွေ့ရတယ်၊ မြွေအမျိုးမျိုးတွေ၊ အဲဒီတုန်းကတော့ "နဂါး" ဝေါဟာရတွေနဲ့ အသုံးတွေရှိတယ်၊ အဲဒီတော့ မြတ်စွာဘုရားကလည်း နဂါးရဲ့အသားတို့ အသွေးတို့

http://www.dhammadownload.com



အရေတို့ အရိုးတို့ကို မထိခိုက်စေဘဲနဲ့ ငါကလဲတန်ခိုးနဲ့ အခိုးလွှတ်ဦးမှဘဲလို့ဆိုပြီးတော့ အဘိဉာဉ်တန်ခိုးနဲ့ အခိုးတွေ လွှတ်တယ်၊ ဒီလိုအခိုးလွှတ်တော့ မြွေကလွှတ်တဲ့အခိုးကရှိုးရှိုး၊ မြတ်စွာဘုရားလွှတ်တဲ့အခိုးက တန်ခိုးနဲ့ဆိုတော့ ဟိုက အခိုးတွေကို လွှမ်းမိုးသွားတာပေါ့၊ ဒါပေမယ့် မြွေနဂါး အနေခက် အောင်တော့ မဟုတ်ပါဘူး၊ သူမနှောက်ယှက်နိုင် လောက်အောင် ပါပဲ၊ အကာအကွယ်ပါပဲ၊ အဲဒီတော့ မြွေနဂါး က စိတ်ဆိုးပြီးတော့ မီးလျှံတွေလွှတ်တယ်။ မြတ်စွာဘုရား ကလဲ သူ့ကို မလောင်စေပဲနဲ့ သူ့မီးလျှံတွေကို လွှမ်းမိုးယုံမျှပဲ တန်ခိုးနဲ့ မီးလျှံတွေလွှတ်တယ်၊ အဲဒီအခါကာလမှာ–

အဲဒီ မီးပူဇော်ရာဖြစ်တဲ့ အဆောင်တစ်ခုလုံးမှာ မီးဟုန်း ဟုန်းတောက်နေသလိုထင်ရတယ်တဲ့၊ အဲဒီအခါမှာ ဥရုဝေလ ကဿပနဲ့ တပည့်ရသေ့တွေဟာ ဝိုင်းကြည့်နေကြတယ်။ စိုးရိမ်မကင်းဖြစ်တဲ့အနေနဲ့လာပြီးကြည့်ကြတယ်၊ "အရှင် ရဟန်း မြတ်ဟာ ရုပ်ရည်ရူပကာယကလည်း ကြည်ညို ဖွယ်ကောင်း ပါဘိသနဲ့၊ အသက်အရွယ်ကလည်းငယ်ငယ်၊ ၃၅–နှစ်၊ ၃၆– နှစ်၊ ဘုရားရုပ်ရည်ကလဲ အတော်နုနေမှာပါ၊ ရသေ့တွေက သနားတဲ့အနေနဲ့ပြောကြတယ်၊ ရဟန်းမြတ်တော့ မြွေနဂါးရဲ့ နှိပ်စက်မှုခံရပြီလို့ သနားတဲ့အနေနဲ့ ပြောကြတယ်၊ ဒါပေမယ့် နောက်ဆုံးကြတော့ ဘုရားတန်ခိုး ဘယ်လွန်နိုင်မလဲ မြွေနဂါး အရှုံးပေးရတယ်။

http://www.dhammadownload.com



## ဥရုဝေလကဿပ အထင်ကြီးပုံ

မနက်ပိုင်းကြတော့ မြတ်စွာဘုရား အဲဒီမြွေကို သပိတ်ထဲထည့်ပြီးတော့ ယူလာတယ်၊ မြွေက သိပ်ကြီးပုံမရဘူးနဲ့တူပါတယ်။ သပိတ်ထဲထည့်ယူလာနိုင်တယ်ဆိုတော့ မြွေက ခပ်ငယ်ငယ်နဲ့တူပါတယ်။ မြတ်စွာဘုရားတန်ခိုးနဲ့ ဖန်ဆင်းထည့်သလားတော့မသိဘူး၊ ဒါပေမယ့် စာထဲမှာတော့ တန်ခိုးနဲ့ ဖန်ဆင်းထည့်တယ်လို့တော့မပါဘူး၊ ဟိုတုန်းက သပိတ်ကလည်း အခုဘုန်းကြီးတို့ကိုင်တဲ့ သပိတ်လောက်တောင် ရှိပုံမပေါ်ဘူး၊ စားလောက်ယုံဘဲ၊ မြတ်စွာဘုရားမှာ သပိတ်နဲ့အပြည့် ဘုဉ်းပေးတာတဲ့၊ ဆွမ်းဘုဉ်းပေးလောက်ရုံပါပဲ၊ အခုဘုန်းကြီးတို့သပိတ်က သပိတ်နဲ့အပြည့်ဆိုရင်ဖြင့် နှစ်ပါး သုံးပါးစားနိုင်လောက်စရာရှိပါတယ်။

အဲဒီမြွေကို သပိတ်နဲ့ထည့်လာပြီးတော့ ဥရုဝေလကဿပကိုပြတယ်၊ "ဟောဒီမှာ သင်တို့ပြောတဲ့ မြွေနဂါးကြီး မြွေဆိုးကြီး၊ နဂါးကြီးဆိုတာဟောဒါပဲ" ဆိုတော့ ဥရုဝေလကဿပက အံ့သြတယ်၊ သိပ်တန်ခိုးကြီးတာပဲ၊ အရှင်ရဟန်းမြတ် သိပ်တန်ခိုးကြီးတာပဲ၊ ဒီလောက်ဆိုးတဲ့ မြွေနဂါးကြီးတောင်မှ အဆိပ်အတောက်တွေကုန်အောင် ဆုံးမနိုင်တယ်၊ သိပ်တန်ခိုးကြီးတာပဲ၊ ဒါပေမယ့် "ငါ့လိုတော့ ရဟန္တာမဖြစ်သေးဘူး"လို့ ဒီလိုစိတ်ကူးပါတယ်တဲ့။

http://www.dhammadownload.com

## တန်ခိုးပြရခြင်းအကြောင်း

အဲဒါ မြတ်စွာဘုရားက တန်ခိုးပြတာဟာ တခြားကြောင့်မဟုတ်ဘူး၊ ဘုရားအပေါ်မှာ ယုံကြည်တဲ့ ကြည်ညိုတဲ့ သဒ္ဓါတရားဖြစ်အောင်လို့ ဒီအတိုင်းနေပြီးတရားဟောရင် သူကနာမှာမဟုတ်ဘူး၊ သူက သူ့ကိုယ်သူ ရဟန္တာထင်နေတာကိုး၊ ဘယ်နာမတုန်း၊ တန်ခိုးပြတော့ ကြည်ညိုတော့ ကြည်ညိုပါရဲ့ ဒါပေမယ့် သူ့လိုတော့ ရဟန္တာမဖြစ်သေးဘူးလို့ ဒီလိုအောက်မေ့နေတယ်၊ အဲဒီကနောက် ကြည်ညိုတာနဲ့ သူက"အရှင် ရဟန်းမြတ်၊ ဒီမှာတင်ပဲနေပါ၊ ဆွမ်းတို့ဘာတို့ သူကပြုစုပါမယ်လို့ ဖိတ်မန်ပါတယ်၊ ဒါနဲ့မြတ်စွာဘုရားက ဥရုဝေလကဿပနေတဲ့နေရာနဲ့ မလှမ်းမကမ်း သင့်တော်တဲ့ နေရာဌာနတစ်ခုမှာ သီတင်းသုံးနေပါတယ်။

## တောခက်ရမည့်သူ

အဲဒီအခါမှာ ညအချိန်စတုမဟာရာဇ်နတ်မင်းကြီးလေးယောက်က ကန်တော့ကြ၊ တရားလာနာကြ၊ တစ်ညသိကြားမင်းကလာပြီး တရားနာတယ်၊ နောက်တစ်ညမြဟ္မာမင်းကြီးကလာပြီးတရားနာတယ်၊ အဲဒီအခါမှာ ညမှာနေများ လများလို ညကြီး အင်မတန်လင်းလင်းကြီးဝင်းဝင်းကြီးတွေနဲ့ သူတို့က ကောင်းကင်ကလာပြီး ဘုရားထံ တရားလာနာကြတာကိုး၊ ဒါကို ဥရုဝေလကဿပက မြင်တယ်၊ အံ့ဩတယ်၊ ဘာလဲမသိဘူး ဆိုပြီးတော့ နောက်တစ်ရက်မနက်

http://www.dhammadownload.com



ကြတော့ မေးကြည့်တယ်၊ မြတ်စွာဘုရားက "ပထမညက စတုမဟာရာဇ် နတ်မင်းကြီးတွေ တရားလာနာတဲ့အကြောင်း၊ ဒုတိယညက သိကြားမင်းတရားလာနာတဲ့ အကြောင်း၊ တတိယညက ဗြဟ္မာမင်းကြီးတရားလာနာတဲ့အကြောင်း၊ ပြောတော့လဲဘဲ ဥရုဝေလကဿပက "အော် အရှင်ရဟန်း မြတ် သိပ်တန်ခိုးကြီးတာပဲ၊ ဒါပေမယ့် ငါ့လိုရဟန္တာတော့ မဟုတ်သေးဘူး၊ ရဟန္တာမဟုတ်သေးတာတစ်မည်ဘဲ" လို့ ဒီလိုအောက်မေ့တယ်။

ကိုယ့်ကိုယ်ကို အထင်ကြီးနေပြီဆိုရင် အဲဒီလိုလဲဖြစ်တတ်တယ်၊ ဒီပုဂ္ဂိုလ်ဟာ သေးသေးကွေးကွေး ပုဂ္ဂိုလ် မဟုတ်ဘူး၊ နောင်အခါကာလကြရင် မဟာသာဝကထဲက အခြွေအရံပရိတ်သတ်များတာနဲ့ စပ်ပြီးတော့ တေဒဂ်ရမည့် ပုဂ္ဂိုလ်၊ ပုဂ္ဂိုလ်ထူးပဲ၊ ဒါပေမယ့် တရားထူးမရသေးခင်တော့ စိတ်ကူးတွေကမှုမမှန်ဘူး၊ ဒီလိုဖောက်ပြန်တာ။

နောက်ပြီးတော့ ကျွန်မတစ်ယောက်ဆုံးရှုံး သွားတဲ့အခါ ကျွန်မရဲ့ အဝတ်အထည်တွေကို မြတ်စွာဘုရားက ပံ့သကူ ကောက်ယူပြီးတော့ အသုံးပြုတာကိုး၊ အိန္ဒိယဆိုတော့ ခြုံထည် ဆာရီနေမှာပေါ့၊ အဲဒါကို ကောက်ယူပြီး ဘယ်မှာလျှော်ရပါ့ မလဲ၊ ဘယ်မှာတင်ရပါ့မလဲ၊ ဘယ်မှာ လှန်းရပါ့မလဲ၊ စသည် ဖြင့် မြတ်စွာဘုရားကစဉ်းစားတော့ သိကြားမင်းက လာပြီးတော့ ရေကန်ဖန်ဆင်းပေး၊ ကျောက်ဖြာ ဖန်ဆင်းပေး၊ အနားကနေပြီး သစ်ကိုင်းကြီးညွတ်ကိုင်းပေး၊ အဲဒီလိုဟာ တွေရှိတာပေါ့။

ဥရုဝေလကဿပ နောက်တစ်ရက်လာကြည့်တဲ့အခါ

http://www.dhammadownload.com



ကာလကြတော့ အထူးအဆန်းဖြစ်ပြီး အရင်နေ့က ဒီလို မဟုတ်ပါဘူး၊ ဒီရေကန်မရှိပါဘူး၊ ဒီကျောက်ဖြာမရှိပါဘူး၊ ဘယ်ကရောက်လာပါလိမ့်မလဲ၊ ဒီအပင်ကြီးကလည်း ဒီလို မဟုတ်ပါဘူး၊ ဘယ့်နှယ်ဖြစ်နေပါလိမ့်မလဲ၊ ဒီတော့ မြတ်စွာဘုရားက အကျိုးအကြောင်းပြောပြတော့ "အင်း–အရှင် ရဟန်းမြတ် သိပ်တန်ခိုးကြီးတာပဲ၊ သိကြားမင်းကတောင်မှ ရေကန်တို့ ကျောက်ဖြာတို့ ဖန်ဆင်းပြီးပေးရတယ်၊ သိပ်တန်ခိုးကြီးတာပဲ၊ ဒါပေမယ့်လို့ ငါ့လို ရဟန္တာမဖြစ်သေးတာ တစ်မယ်ပဲ" လို့ဒီလိုအောက်မေ့တယ်။

## တန်ခိုးတော်နှင့် ဥရုဝေလကဿပ

တစ်နေ့သောအခါကြတော့ ဥရုဝေလကဿပကို ပူဇော်ပွဲလုပ်တဲ့နေ့၊ ဘုရားမပွင့်ခင်ကတော့ အဲဒီလို တန်ခိုးကြီးတဲ့ရသေ့ကြီးတွေဟာ ဘုရားလိုပါပဲ၊ သူတို့ကို အကြီးအကျယ်ပူဇော်ကိုးကွယ်နေကြပါတယ်။ အင်္ဂတိုင်း၊ မဂဓတိုင်းဆိုတဲ့နယ်နှစ်ခုကစပြီးတော့ လူတွေဟာအဲဒီရက် မှာကြရင် လာပြီးတော့ပူဇော်ကြတယ်။ ဒီမှာ ဥရုဝေလကဿပကစဉ်းစားတယ်တဲ့၊ မနက်ဖြန်ခါတော့ အင်္ဂတိုင်း၊ မဂဓတိုင်းက ငါ့တပည့်ဒကာမတွေ ငါ့ကိုလာပြီးတော့ ပူဇော်ပွဲလုပ်ကြမယ်၊ လှူဒါန်းကြမယ်၊ အဲဒီအခါမှာ ရဟန်းဂေါတမကြွလာပြီး တန်ခိုးများပြလိုက်ရင်တော့ ငါ့တပည့်တွေက ရဟန်းဂေါတမကို ကြည်ညိုကုန်မှာပဲ၊ အဲဒီရောက်ကုန်မှာပဲ၊ ငါ့တပည့်တွေ လျော့ကုန်မယ်၊ ငါ့လာဘ်လာဘတွေလျော့ကုန်မယ်၊ ဒီတော့ မနက်ဖြန်

http://www.dhammadownload.com



တစ်ရက်တော့ဖြင့်ရင် ရဟန်းဂေါတမ ငါတို့ထံလာပြီး ဆွမ်းဘုဉ်းမပေးဘဲနေရင်ကောင်းမှာပဲလို့ သူက စိတ်ကူးသတဲ့။

ကြည့်ညိုတော့ ကြည့်ညိုတာပါဘဲ၊ သို့ပေမယ်လို့ ကိုယ်အကျိုးယုတ်မှာကိုး၊ ကိုယ့်အရေးကြီးတာကို စဉ်းစားရတာ၊ အဲဒီတော့ မြတ်စွာဘုရားက ဥရုဝေလကဿပရဲ့စိတ်ကို သိတာနဲ့ အဲဒီနေ့တော့ ဒိပြင်နေရာတစ်ခု တခြားနေရာကြွသွားတယ်၊ အဲဒီမှာ ဆွမ်းခံပြီး ဆွမ်းဘုဉ်းပေးတယ်၊ သူ့ဆီမသွားဘူး၊ နောက်တစ်ရက်ကျမှသွားတယ်။

အဲဒီတော့ ဥရုဝေလကဿပက ဝမ်းနည်းစကားပြောတယ်၊ အရှင်ဂေါတမ မနေ့ကဘာဖြစ်လို့ကြွမလာတုန်း၊ မနေ့က အရှင်ဂေါတမအတွက် ဆွမ်း၊ ခဲဖွယ်ဘောဇဉ်တွေ အသင့်ပြင်ထားတာပဲ၊ ဘာဖြစ်လို့ကြွမလာသလဲ၊ အဲဒီလို မေးတယ်၊ ပြင်ထားတာတော့ဟုတ်တယ်၊ ပြင်ထားတာတော့ ပြင်ထားတာပဲ လိမ်တာတော့ မဟုတ်ဘူး၊ လာရင်တော့ကပ်ရမှာပဲ၊ ဒါပေမယ့် မြတ်စွာဘုရားက အမိန့်ရှိတယ်၊ "ဥရုဝေလကဿပတဲ့ သင်ကဒီလိုစဉ်းစားတယ်မဟုတ်လားတဲ့၊ မနက်ဖြန်တစ်ရက်တော့ဖြစ်ရင် မလာရင်ကောင်းမှာလဲလို့ သင်က စဉ်းစားတယ်မဟုတ်လားတဲ့၊ သင့်ရဲ့စိတ်ကူးကို စောင့်ရှောက်သောအားဖြင့် ငါမလာဘူး၊" ဆိုတော့ အင်း- အရှင်ဂေါတမဟာ သူတစ်ပါးစိတ်ကူးတောင် သိတာပဲ၊ သိပ်တန်ခိုးကြီးတာပဲ၊ ဒါပေမယ့် ငါ့လိုတော့ ရဟန္တာမဟုတ်သေးဘူး"လို့ ဒီလို စိတ်ကူးတာပဲ။

နောက်ထပ်တန်ခိုးပြတာတွေတော့ အများကြီးပဲ

http://www.dhammadownload.com



ရှိပါတယ်၊ ဒါတွေပြောနေရင်တော့ အချိန်ကြာနေမယ်၊ သူတို့မီးပူဇော်ဖို့ ထင်းတွေခွဲ၊ ခွဲလို့မရ၊ မြတ်စွာဘုရားက အဓိဋ္ဌာန်ထားတာ၊ နောက်တော့ မြတ်စွာဘုရားဆီလာလျှောက်၊ ထင်းတွေကွဲစေဆိုတော့ ထင်းတွေအလိုလိုကွဲကုန်တာတွေ၊ မီးထည့်တော့ ထင်းတွေက မီးမကူးဘူး၊ မီးပူဇော်ဖို့ပါပဲ၊ အဲဒါလာလျှောက်တော့ မီးကူးစေဆိုတော့ ထင်းတွေမီးလောင်တယ်၊ လောင်နေတာငြိမ်းချင်ပြန်တော့လဲ မငြိမ်းပြန်ဘူး၊ ငြိမ်းစေဆိုတော့ ငြိမ်းသွားတယ်။

တစ်ခါ အင်မတန်အေးတဲ့ရာသီမှာ သူတို့က ရေစိမ်ကြတာကိုး၊ နေပူတဲ့အခါနေလှမ်း၊ အေးတဲ့အခါ ရေစိမ်၊ ရေစိမ်တော့ ကာမရာဂတွေငြိမ်းတယ်လို့ သူတို့က ယူဆတာပေါ့၊ ရေအေးတဲ့အခါရေစိမ်တော့ ကာမရာဂတွေခဏတော့သက်သာမှာပေါ့၊ လူပင်ပန်းနေတဲ့အခိုက်ပေါ့၊ အဲဒီမှာ ဆောင်းရာသီကြီး၊ တကယ်အေးတဲ့ အအေးဆုံးရက်၊ အန္တရဋ္ဌကာဿတပို့တွဲလရဲ့ ရှေ့ပိုင်းလေးရက်၊ နောက်ပိုင်းလေးရက်၊ ဒါပေမယ့် အဲဒီရက်ကတော့ တပို့တွဲလပြည့်မဟုတ်ဘူး၊ တပို့တွဲလပြည့်နေ့မှာ မြတ်စွာဘုရားက ရာဇဂြိုဟ်ရောက်လို့ဆယ့်ငါးရက်တောင်မကဘူးရှိနေပြီ၊ အဲဒီမှာ သာဝကအစည်းဝေးလည်းဘဲ အဲဒီမှာလုပ်တယ်၊ အရှင်သာရိပုတ္တရာလည်း ရဟန္တာဖြစ်လို့၊ အဲဒါတပို့တွဲလပြည့်တော့ မဟုတ်ဘူး။ ရှေ့ပိုင်း ပြာသိုလပြည့်တို့၊ အဲဒါ အန္တရဋ္ဌကာဘဲဆိုပြီးတော့ အိန္ဒိယအဋ္ဌကထာကျမ်းတွေက ဆိုထားတာရှိပါတယ်။ နတ်တော်လပြည့်လည်း ဖြစ်ချင်ဖြစ်မှာပါဘဲ၊ ဘယ်လပြည့်

http://www.dhammadownload.com



တော့ အတိအကျမသိပါဘူး၊ အဲဒါအင်မတန်အေးတဲ့ ရာသီပဲ အဲဒီမှာ ရေစိမ်ကြတာ။

အင်မတန်အေးတော့ သူတို့မှာ ရေစိမ်ရာကတက်လာတဲ့အခါ မီးလှုံဖို့ရာ မြတ်စွာဘုရားကမီးဖိုလေးတွေဖန်ဆင်းပေးထားတယ်၊ မီးဖို ငါးရာ ရသေ့ငါးရာအတွက် သူတို့က တွေ့ကြတယ်၊ မီးဖိုလေးတွေ အဆင်သင့်၊ အင်းဒါတွေတော့ တခြားဘယ်ကမှ ရောက်လာတာတော့မဟုတ်ဘူး၊ အင်း–ဒါရဟန်းဂေါတမ တန်ခိုးနေမှာဘဲဆိုပြီး အာရုံပြုကြည့်ညို ကြတယ်။

အဲဒီလို တန်ခိုးတွေမြင်ရ တွေ့ရပေမယ်လို့ တန်ခိုးတော့ကြီးတာဘဲ ငါ့လိုတော့ရဟန္တာမဟုတ်သေးဘူးဆိုပြီးတော့ ဥရုဝေလကဿပ သူ့ဟာသူ အထင်ကြီးနေတုန်းပဲတဲ့။

နောက်ဆုံးတစ်နေ့ကြတော့– အခါကာလအချိန်မဟုတ်ဘဲ ဆောင်းကာလ မိုးတွေက ရွာတယ်တဲ့၊ တောင်ပေါ်ကမိုးရေတွေကစီး၊ သူတို့နေတဲ့နေရာကလည်း နည်းနည်းချိုင့်ကျဟန်တူပါတယ်၊ မြတ်စွာဘုရားနေတဲ့နေရာကတော့ ချိုင့်ကျတယ်၊ ချိုင့်ကျတော့ ရေတွေနဲ့ဆိုတော့ ရေတွေနဲ့မျောသွားမှာ သူတို့က စိုးရိမ်တယ်၊ အဲဒီတော့ ဥရုဝေလကဿပ လှေကလေးနဲ့လာပြီးတော့ ကယ်ဆယ်မလို့လာတာပေါ့လေ၊ အဲဒီတော့ သူလာတဲ့အခါကျတော့ မြတ်စွာဘုရားကစောစောကတည်းက အဓိဋ္ဌာန်နဲ့လုပ်ထားတာကိုး၊ မြတ်စွာဘုရားသီတင်းသုံးတဲ့နေရာမှာ ရေမရှိဘူး၊ မူလအတိုင်းပဲ ခြောက်သွေ့နေတယ်၊ မြတ်စွာဘုရားက စင်္ကြံကြွနေတယ်၊ မြတ်စွာဘုရား

http://www.dhammadownload.com



စကြံလျှောက်နေတဲ့နေရာမှာ ခြောက်သွေ့နေတယ်၊ ဘေးပတ်ဝန်းကျင်မှာကတော့ ရေတွေပြည့်လို့လဲ။

အဲဒါတွေ့တော့ ဥရုဝေလကဿပက မေးတယ်၊ "အရှင်ဂေါတမပဲမဟုတ်လား အရှင်မြတ်ပဲမဟုတ်လား"လို့ မေးတယ်၊ "ဟုတ်တယ်"ဆိုတော့ ဥရုဝေလကဿပ ကြွပါကြွပါဖိတ်၊ မြတ်စွာဘုရားက တန်ခိုးနဲ့ပဲ လှေပေါ်ကိုကြွပြီးလိုက်တယ်။

အဲဒီတော့ သူ့စိတ်ထဲမှာ ဥရုဝေလကဿပ အောက်မေ့တယ်တဲ့၊ ဒီလောက်မိုးတွေလည်းရွာ၊ ရေတွေလည်း ဒီလောက်ဘေးပတ်ဝန်းကျင်က များနေတော့လည်း ချိုင့်ထဲမှာနေတာ၊ သူနေတဲ့နေရာ ရေကမရောက်ဘူး၊ ရေတွေလည်းပဲမနိုင် စက်နိုင်၊ မနှောက်ယှက်နိုင်အောင် တားမြစ်နိုင်တာပဲ၊ အင်မတန်တန်ခိုးကြီးတာပဲ၊ ဒါပေမယ့် ငါလိုရဟန္တာ မဟုတ်သေးတာတစ်မည်ပဲလို့ ဒီလိုအောက်မေ့တယ်။

## ဥရုဝေလကဿပ ကန်တော့ခြင်း

အဲဒီအခါကြတော့မှ အချိန်ကလည်းကျနေပြီဖြစ်လို့ မြတ်စွာဘုရားကအမိန့်ရှိတယ်တဲ့၊ "ဥရုဝေလကဿပ သင်ဟာကိုယ့်ကိုယ်ကို ရဟန္တာလို့ထင်နေတယ်၊ သင်ရဟန္တာလည်းမဟုတ်သေးဘူး၊ ရဟန္တာဖြစ်ကြောင်း တရားလည်း သင့်မှာဘာမျှမရှိဘူး၊ ရဟန္တာဖြစ်ကြောင်းတရား၊ သင်အားထုတ်တာလည်း မရှိဘူး" ဒီလိုအမိန့်တော်ရှိတော့မှ အစကလည်း ကြည်ညိုနေပြီမို့ပေါ့လေ၊ ရောက်ရောက်ခြင်းပဲဟောပြောရင်

http://www.dhammadownload.com



လည်း နားထောင်မှာမဟုတ်ဘူး။

သူအထင်အမြင်မှားခဲ့ပါတယ်၊ ပြစ်မှားမှုတွေရှိခဲ့ပါတယ်ဆိုပြီး မြတ်စွာဘုရားခြေတော်ရင်းမှာ ဝပ်ပြီးတော့ ကန်တော့တယ်တဲ့၊ မရှိမသေထင်ခဲ့တာတွေ မှားသွားပါပြီဆိုပြီးတော့ ကန်တော့တယ်။

## ရသေ့ငါးရာ ဧဟိဘိက္ခုရဟန်းဖြစ်ခြင်း

မြတ်စွာဘုရားထံမှာ ရဟန်းပြုပါတယ်ဆိုပြီး ခွင့်တောင်းတော့ မြတ်စွာဘုရားက သင့်မှာတပည့်တွေ အများကြီးရှိတယ်၊ တပည့်တွေတိုင်ပင်ဦးမှပေါ့လိုဆိုတော့ တပည့်တွေကိုတိုင်ပင်တော့ သူတို့ကလည်း မြတ်စွာဘုရားကို ကြည်ညိုနေတာကြာပြီ၊ ပထမနဂါးကို တန်ခိုးပြကတည်းက ကြည်ညိုနေကြတာဘုရားတပည့်အဖြစ်နဲ့ သာသနာဝင်ချင်နေကြတာကြာပြီ၊ သို့သော်လည်း သူတို့ဆရာငဲ့လို့ အသာလေးနေနေကြရတာ၊ အဲဒါနဲ့ ဥရုဝေလကဿပနဲ့ တပည့်ရသေ့ငါးရာ တညီတညွတ်တည်း တပြိုင်တည်း ရဟန်းပြုကြပါတယ်၊ မြတ်စွာဘုရားက ဧဟိဘိက္ခုခေါ်တော်မူပြီး ရဟန်းပြုပေးပါတယ်။

## ရဟန်းတစ်ထောင်

အဲဒီကနေပြီး ရသေ့အသုံးအဆောင်တွေ ရေထဲမျှောလိုက်တော့ ဂယာကဿပထံ ရောက်သွားတယ်၊ ဒီပစ္စည်းတွေဟာ ဒို့အစ်ကိုကြီးထံကပစ္စည်းတွေပဲ၊ ဘာဘေးရန်များရောက်လို့လည်းမသိဘူး၊ သွားပြီးစုံစမ်းဦးမှပဲဆိုပြီး တပည့်တွေနဲ့

http://www.dhammadownload.com



လာကြည့်တော့ ရဟန်းပြုနေကြတာတွေ့ရတယ်၊ ဒီတော့ "ဘယ့်နှယ်တုန်း ဒီလို ရဟန်းပြုရတာပိုကောင်းသလား"ဆိုတော့ "ဟာ ပိုကောင်းတာပေါ့" ဆိုတော့ ဂယာကဿပက လည်း တပည့် ပရိသတ်သုံးရာနဲ့တကွ မြတ်စွာဘုရားထံမှာ ရဟန်းပြု၊ နဒီကဿပကလည်း တပည့်နှစ်ရာနဲ့ ထို့အတူပဲ ရဟန်းပြုကြတော့ အားလုံး ရသေ့တစ်ထောင်ကနေဖြစ်လာတဲ့ ရဟန်းတစ်ထောင်အားလုံး ဇဋိလရဟန်းချည်းပဲ။

## ရဟန်းတစ်ထောင်နှင့်ရာဇဂြိုဟ်ကြွတော်မူပြီ

အဲဒီရဟန်းတွေနဲ့တကွ ရာဇဂြိုဟ်မြို့ကို ကြွရမှာကိုး၊ ဗိမ္ဗိသာရမင်းကြီးက "ဘုရားဖြစ်တဲ့အခါကာလကြွရင် သူ့ဆီကို ရှေးဦးစွာကြွလာပါ"လို့ ပင့်ထားတယ်၊ ဒါပေမယ့် ဒီအတိုင်းကြွသွားရင်တော့ ပရိသတ်သိပ်မပါလို့ အရှိန်အဝါ မရှိသလိုဖြစ်နေမှာပေါ့လေ၊ တစ်ဝါတွင်းလုံးကရခဲ့တဲ့တပည့် ပရိသတ်ခြောက်ဆယ်တော့ရှိပါတယ်။ ဒါလောက်နဲ့ကလည်း အင်အားသိပ်မများသေးဘူး၊ အခုတပည့်ရဟန်း တစ်ထောင်နဲ့ ဆိုတော့ ဟိုမှာလဲ သာသနာပြုဖို့ ခန့်ခန့်ငြားငြား ရှိတာပေါ့။

အဲဒါနဲ့ တဖြည်းဖြည်းကြွလာတော့ ဂယာဒေသ ဂယာမြို့အနီးက ဂယာဒေသရောက်တယ်၊ ကျောက်ဖျာကြီးရှိတယ်၊ ဘုန်းကြီးတို့ ဂယာမြို့တော့ ရောက်ခဲ့ပါတယ်၊ အဲဒီကျောက်ဖျာကြီးတွေဘာတွေ ရှိတဲ့နေရာတော့ မရောက်ခဲ့ပါဘူး၊ မဟာဗောဓိ၊ ဗောဓိမဏ္ဍိုင်ဌာနကိုသွားချင်လို့ရှိရင် အဲဒီဂယာမြို့ဘူတာက ဆင်းပြီးတော့သွားရပါတယ်၊ ခြောက်မိုင်

http://www.dhammadownload.com



လောက်ဝေးတယ်။

## အာဒိတ္တသုတ္တန်နာကြားပြီး ရဟန်းတို့ရဟန္တာဖြစ်ခြင်း

ဂယာမြို့အနီးက ဂယာဒေသဆိုတဲ့အရပ်မှာ သီတင်းသုံးနေတော်မူစဉ်အခါ ဒီအာဒိတ္တသုတ်ကို ဟောတော်မူတယ်၊ ဒီ အာဒိတ္တသုတ်ဟောခြင်းဟာ အဲဒီရသေ့တစ်ထောင်က ဖြစ်လာတဲ့ ရဟန်းတစ်ထောင်ရဟန္တာဖြစ်ဖို့ရာအတွက် သင့်လျော်တဲ့တရားအနေနဲ့ ဟောတော်မူတာတဲ့၊ ဘာဖြစ်လို့ သင့်လျော်တာလဲဆိုတော့ သူတို့က မီးပူဇော်နေတာကိုး၊ မီးပူဇော်နေတော့ မီးအကြောင်းတွေ သူတို့က ကောင်းကောင်းကြီး သိနေတာကိုး၊ မီးလောင်တာတွေ၊ မီးပူတာတွေအားလုံးသိနေတာ၊ ဒါကြောင့် မိမိတို့ ခန္ဓာကိုယ်ထဲမှာလည်း ဒီလို မီးတွေရှိနေတယ် ဆိုတာ သဘောပေါက်သွားတယ်၊ သိသွားရင်ဖြင့် တရားထူးရဖို့ရာ သင့်လျော်တဲ့အတွက် ဒီ အာဒိတ္တသုတ်ကို ဟောတယ်၊ အဲဒီရဟန်းတစ်ထောင်ဟာ ဒီတရားကို နာကြားနေရင်းပဲ ရဟန္တာဖြစ်ကြပါတယ်။

## အကျိုးများသော သုတ်တော်

ဒီတရားကို အခုဟောရမှာပဲ၊ အင်မတန်အကျိုးများတဲ့သုတ်၊ မှတ်သားစရာလည်း အင်မတန်ကောင်းတဲ့သုတ်၊ ဒီကနေ့ညာ ပရိသတ်တွေလည်းများလာတဲ့အတွက် ဟိုတုန်းက ရသေ့တစ်ထောင်လောက် ရှိမယ်ထင်ပါရဲ့။ တစ်ထောင်ထက် နည်းပုံမရပါဘူး၊ ဒီတရားနာပရိသတ်တွေဟာ တရားနာ

http://www.dhammadownload.com



နေရင်း ရဟန္တာမဖြစ်တောင်မှ တရားထူးရသွားမယ်ဆိုရင်တော့ အင်မတန်နေရာကျမှာပဲ၊ တရားထူးမရတောင်မှဖြစ်သင့် ဖြစ်ထိုက်တဲ့ သမာဓိပညာတွေ တစ်စိတ်တစ်ဒေသ ဖြစ်သွားရင် လည်းဘဲ အင်မတန်အဖိုးတန်မှာပဲ၊ အခုမဖြစ်သေးရင်လည်း နောင်ဖြစ်ဖို့ရာအကြောင်းပါရမီဖြစ် သွားမှာပါပဲ၊ ဒီတရားက အင်မတန်ကောင်းပါတယ်။

## အာဒိတ္တသုတ္တန်တရားတော်

အဲဒီအခါမှာ မြတ်စွာဘုရားက ဥရုဝေလကဿပ အမှူးပြုတဲ့ရသေ့တစ်ထောင်မှ ဖြစ်လာတဲ့ ရဟန်းတစ်ထောင် ကို--

ဘယ်မှာ မီးစွဲလောင်၍နေပါသလဲ၊ မေးခွန်းထုတ် သည်။

သဗ္ဗံ ဘိက္ခဝေ အာဒိတ္တံ၊ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အာဒိတ္တံ၊ စက္ခုံ ဘိက္ခဝေ အာဒိတ္တံ၊ ရူပါ အာဒိတ္တာ၊ စက္ခုဝိညာဏံ အာဒိတ္တံ၊စက္ခုသမ္ဖဿော အာဒိတ္တော၊ ယဒိဒံ စက္ခုသမ္ဖဿ ပစ္စယာ၊ ဥပ္ပဇ္ဇတိ ဝေဒယိတံ၊ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တမ္ပိ အာဒိတ္တံ။

ဘိက္ခဝေ-ရဟန်းတို့၊ စက္ခုံ-မျက်စိကို၊အာဒိတ္တံ၊ ရဲရဲပြောင်ပြောင် မီးစွဲလောင်၍နေ၏။ ရူပါ-မြင်ရတဲ့အဆင်း တို့ကို။ အာဒိတ္တာ၊ ရဲရဲပြောင်ပြောင် မီးစွဲလောင်၍နေကုန်၏။

စက္ခုဝိညာဏံ-မြင်သိမှုကို၊ အာဒိတ္တံ-ရဲရဲပြောင်ပြောင် မီးစွဲလောင်၍နေ၏။

http://www.dhammadownload.com



စက္ခုသမ္ဖဿာ–မြင်တွေ့မှုကို၊ အာဒိတ္တော–ရဲရဲ ပြောင်ပြောင် မီးစွဲလောင်၍နေ၏။

## မြင်ရာ၌ မီးလောင်ပုံ

မြင်ဆဲခဏမှာ မီးစွဲလောင်နေပုံ

တရားနာပရိသတ်တွေလည်းဆိုဦးမှ၊ စာရွက်ရထားသူတွေက ခေါင်းဆောင်ပြီး ဆိုကြပါဦး။

အကုန်လုံးကို လောင်သည်။

ဘာကိုလောင်သလဲ။ ဒါ သူ့ပါဠိအတိုင်းပဲ၊ သဗ္ဗံ–အလုံးစုံ အကုန်လုံးကို လောင်နေတာ။

မျက်စိကိုလည်းလောင်သည်။

အဆင်းတွေကိုလည်း လောင်သည်။

မြင်သိစိတ်ကိုလည်း လောင်သည်။

မြင်တွေ့မှုကိုလည်း လောင်သည်။

မြင်တွေ့လို့ ကောင်းတာ မကောင်းတာကိုလဲ လောင်သည်။ငါးမျိုးပဲ၊ စက္ခု အာဒိတ္တံ၊ ရူပါ အာဒိတ္တာ စသည်ဖြင့် "တို့ကို" ဘာသာပြန်ထားတာ။

မျက်စိဆိုတာ ရှိမှုဖြစ်တာ၊ မျက်စိမရှိရင်မမြင်နိုင်ဘူး၊ မျက်စိရှိလို့မြင်တာ၊ ဒါငြင်းစရာမရှိဘူး၊ မျက်စိမကောင်းရင်လည်း မမြင်နိုင်ဘူး၊ မြင်စရာအဆင်းမရှိရင်တော့ မြင်ပါ့မလား၊ မမြင်နိုင်ဘူး။

မြင်တယ်ဆိုရင်တော့ မြင်သိမှုရှိလို့ မြင်သိမှုကို အကြောင်းပြုပြီးတော့မြင်တယ်လို့ ပြောရတာ၊ မြင်သိမှု မရှိရင်

http://www.dhammadownload.com



မြင်တယ်လို့ပြောနိုင်မလား။

မြင်သိမှုရှိလို့မြင်ရင် မြင်ရတဲ့အာရုံနဲ့ စိတ်ထဲမှာ တွေ့မသွားပေဘူးလား၊ တွေ့တယ်။

တစ်စုံတစ်ခု ပစ္စည်းကိုရှာတဲ့အခါ တွေ့ပြီလား၊ တွေ့ပြီလား၊ မြင်ပြီဆို တွေ့ပြီ တွေ့ပြီ ဒီလိုမပြောဘူးလား၊ မြင်တာနဲ့တွေ့တာ တပေါင်းတည်းပဲ တဆက်တည်းပဲ၊ သူ့ဥစ္စာမြင်တွေ့တဲ့အခါကြတော့ လှလှပပ တင့်တင့်တယ်တယ် အာရုံကိုမြင်ရရင် အမြင်ကကောင်းသွားတယ်၊ သိပ်သဘောကျတယ်၊ လူတွေက သိပ်သဘောကျတယ်၊ ဒီလိုအမြင်ကောင်းလေးတွေဆိုရင် လူတွေကသိပ်သဘော ကျတယ်။

ပွဲလမ်းသဘင်တွေ ကျင်းပပြီဆိုလို့ရှိရင် ပွဲကြည့်ကြတာ ဒီအမြင်ကောင်းလေးတွေ မြင်ချင်လို့မဟုတ်လား၊ ယခုကာလ ရုပ်ရှင်တွေဘာတွေသွားကြည့်ကြတယ်၊ အမြင်ကောင်းလေးတွေမြင်ချင်လို့ ဟုတ်လား၊ ရုပ်ရှင်ကြည့်တယ်ဆိုတာလည်း အခုခေတ်မှာ တော်တော် အပင်ပန်းခံနေတယ်။

ဘုန်းကြီးတို့ တစ်ခါတစ်ရံ မြို့ထဲသွားတဲ့အခါ ရုပ်ရှင်ရုံနားက ကားကဖြတ်သွားတော့ ဟိုမှာ လက်မှတ်ရဖို့ရာအတွက် လူတွေစီတန်းပြီးတော့ စောင့်နေတာ လူတွေတသီတတန်းကြီး အများကြီးတွေ့ရတယ်၊ အဲဒီလူတွေဟာ လက်မှတ်ရပြီးတော့ ရုပ်ရှင်ကြည့်ရအောင်လို့ အပင်ပန်းခံနေကြတာ မဟုတ်လား၊ လက်မှတ်မရရင် ကြည့်ရပါမလား၊ မကြည့်ရဘူး၊ ငွေကုန်ခံပြီး အပင်ပန်းခံပြီး အဲဒီမှာစောင့်နေရတယ်၊ ထိုင်နေရတယ် တော်တော်တော့ကြိုးစားရတာပဲ၊ အဲဒါမြင်ချင်လို့ ဘာမြင်ချင်

http://www.dhammadownload.com



တုန်းဆိုရင် အမြင်ကောင်းလေးတွေ မြင်ချင်လို့ မဟုတ်လား၊ မျက်စိနဲ့အမြင်ကောင်းလေးတွေ အဲမြင်လို့ တွေ့သွားရင် အမြင်ကောင်းလေးတွေကျရင် ခံစားမှုဝေဒနာဆိုတဲ့ အကောင်း လေးတွေကျလို့ရှိရင် ခံစားမှုအကောင်းသုခဝေဒနာ၊ ပါဠိလို့ တော့ သုခချမ်းသာ၊ ဗမာလိုတော့ ကောင်းတယ်လို့ပဲ ဘာသာ ပြန်တယ်။

အမြင်မတော်တဲ့ မကောင်းတဲ့အခါကျတော့ မျက်စိထဲ မှာမကောင်းဘူး၊ မခံသာဘူး၊ မချမ်းသာဘူး၊ အမြင်ရကပ် သွားတယ်၊ မမြင်ချင်ဘူး၊ အဲဒါမြင်လို့မကောင်းတာ ပဲမဟုတ် လား၊ မြင်လိုမကောင်းတာက ဒုက္ခဝေဒနာတဲ့။

မြင်လို့မကောင်းတကောင်း အလယ်အလတ်လည်းပဲ ရှိပါတယ်၊ ဒါပေမယ့်လည်း စကားလည်းပဲတိုအောင်လို့ ဘုန်းကြီးက ဒီမှာထည့်မထားဘူး။

## မြင်ခြင်းသဘော

မြင်တဲ့အခါကာလမှာဖြစ်တဲ့ စက္ခုဝိညာဏ်စိတ်တဲ့၊ မြင်သိစိတ်ဆိုတာက ကုသိုလ်၏ အကျိုးလည်းရှိတယ်၊ အကုသိုလ်၏ အကျိုးလည်းရှိတယ်၊ ကုသလဝိပါက်တဲ့၊ အကုသလဝိပါက်တဲ့၊ စာသင်ထားတဲ့သူတွေသိတယ်၊ ဒီမှာက စာသင်တိုက်ဆိုတော့ ဒါတွေကသင်နေကြတာ၊ စက္ခုဝိညာဏ် က ကုသလဝိပါက အကုသလဝိပါက ဥပေက္ခာနှင့်တကွ ဖြစ်တယ်လို့ဆိုတယ်။

ကုသိုလ်၏အကျိုးဆိုတော့ ကောင်းတဲ့သဘောရှိတယ်၊

http://www.dhammadownload.com



အကုသိုလ်၏အကျိုးဆိုတော့ မကောင်းတဲ့ သဘောရှိတယ်၊ သို့သော်လည်း ကိုယ်အတွေ့အထိလောက် မကြမ်းလို့ သူ့ကို တော့ ဥပေက္ခာလို့ အဘိဓမ္မာက ဟောထားတာ။

မျက်စိရယ်၊ အဆင်းရယ်၊ မြင်တွေ့မှုရယ်၊ မြင်သိမှုရယ်၊ မြင်လို့ကောင်းတာ၊ မကောင်းတာရယ်၊ အားလုံးငါးမျိုးရှိတယ်။

မျက်စိကတစ်ခု
မြင်ရတဲ့အဆင်းကတစ်ခု
မြင်တွေ့တာကတစ်ခု
မြင်သိတာတစ်ခု
မြင်လို့ကောင်းတာ မကောင်းတာတစ်ခု၊

ဘယ်နှစ်ခုရှိလဲ၊ ငါးခုပဲ၊ သုတ္တန်ဒေသနာတော်မှာ မြတ်စွာဘုရားက ဝိပဿနာရှုဖို့ဟောရင် ဒီလိုဘဲတဒွါရ တဒွါရမှာ ရှုဖို့ရာ ငါးခု ငါးခုဟောတယ်။ အဲဒီထဲက ထင်ရှားရာကို အာရုံပြုတဲ့၊ ကိလေသာဖြစ်တဲ့ အဲဒီလို အကုသိုလ်မဖြစ်အောင် ဒီလိုထင်ရှားတဲ့ တရားကိုဘဲ ကိလေသာမဖြစ်အောင် အမှန်အတိုင်းသိအောင်ရှုရမယ်တဲ့။

မြင်တိုင်း မြင်တိုင်း မျက်စိက ထင်ရှားတဲ့အခါရှိတယ်၊ မြင်ရတဲ့အဆင်းက ထင်ရှားတာရှိတယ်၊ များသောအားဖြင့် တော့ အဆင်းကထင်ရှားတာများပါတယ်၊ မြင်သိတာက ထင်ရှားတာရှိတယ်၊ အဆင်းနဲ့မျက်စိနဲ့ တွေ့လို့မြင်တွေ့တာက ထင်ရှားတာရှိတယ်၊ မြင်လို့ကောင်းတာ၊ မကောင်းတာက ထင်ရှားတာရှိတယ်၊ အာရုံကောင်းတာ မြင်လို့ကောင်းတဲ့

http://www.dhammadownload.com



အခါ ကောင်းသွားသလို မကောင်းတာမြင်လို့မကောင်းတဲ့အခါ မကောင်းဘူး။

## မြင်ခြင်း၌ မီးလောင်နေပုံ

အဲဒီငါးမျိုး ထင်ရှားတဲ့တရား၊ သူ့အခိုက်အတန့်နဲ့ သူဖြစ်ပျက်သွားတဲ့တရားတွေ၊ ပကတိ ပုဂ္ဂိုလ်တွေ ကတော့ ဖြစ်တယ်၊ ပျက်တယ်လည်းမထင်ပါဘူး၊ မျက်စိနဲ့တကွ တစ်ကိုယ်လုံးကလည်း တစ်ဘဝလုံးအမြဲ တည်နေတယ်လို့ ထင်နေတယ်။

စာပေဗဟုသုတ အသင့်အတင့်ရှိတဲ့ လူကြီးတွေက တော့ မထင်ဘူးလို့ပြောချင်လည်းပြောမှာပဲ ကလေးတွေမေးရင် တော့ သေသေချာချာပြောမယ်။

အမိဝမ်းထဲက ပဋိသန္ဓေနေကတည်းက အဲဒါတော့ ထားပါတော့မသိလို့၊ မွေးကတည်းကပေါ့ သေသည်အထိ အမြဲတမ်း တည်နေတာလို့ထင်နေကြတာ၊ ဝိပဿနာဉာဏ် ပိုင်ပိုင်နိုင်နိုင်မဖြစ်သေးလို့ရှိရင် ဒီအထင်ကလည်းပျောက်ခဲ ပါတယ်၊ အင်မတန်ကို ပျောက်ခဲတယ်။

ရုပ်တရား၊ နာမ်တရားတွေဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားတွေလို့ ပြောနေပေမယ်လို့ အဲဒီပြောနေတဲ့စိတ်ကိုဘဲ ငါလို့ထင်နေတာကိုး၊ အစွဲအလန်းတွေကရှိတယ်၊ မျက်စိ လည်းပဲ အမြဲတမ်းတည်နေတယ်လို့ထင်တယ်၊ မြင်ရတဲ့ အဆင်းကလည်း သူ့သဏ္ဌာန် ကိုယ့်သဏ္ဌာန်က အခုလည်းရှိ၊ နောင်လည်းရှိ အမြဲရှိတယ်လို့ ဒီလိုပဲထင်နေတာ။

http://www.dhammadownload.com



မြင်သိတဲ့စိတ်ကလည်း အရင်ကရှိနေတဲ့ ငါကပဲမြင်သိသွားတယ်၊ အရင်လည်းရှိတယ်၊ အခုလည်းမြင်တယ်၊ နောင်လည်းမြင်မယ်၊ မြင်နေတာတွေလဲ အတူတူပဲ တစ်ယောက်ထဲပဲလို့ ဒီလိုထင်နေကြတာ။

မြင်တွေ့တာလဲပဲ အရင်ကလဲရှိ၊ အခုလည်းရှိ၊ နောင်လည်းရှိမှာပဲ။

မြင်လို့ကောင်းတာမကောင်းတာ ရုံခါကောင်းတယ်၊ ရုံခါမကောင်းဘူး၊

အဲဒီမြင်ဆဲခဏမှာ ထင်ရှားတဲ့တရားငါးပါးကို မီးတွေလောင်နေတယ်။

## မီးသုံးပါး

တေန အာဒိတ္တံ–ဘယ်မီးက လောင်နေသလဲ၊ ဘယ်မီးကလောင်တာလဲ၊ ဘယ်လိုမီးတွေလဲ–

ရာဂမီးကလည်း လောင်နေပြီ၊

ဒေါသမီးကလည်း လောင်နေပြီ၊

မောဟမီးကလည်း လောင်နေပြီ၊

ကိလေသာမီးသုံးခုက လောင်နေပြီ၊ ရာဂ၊ ဒေါသ၊ မောဟ ဆိုတဲ့ကိလေသမီးတွေကလောင်နေတာ။

http://www.dhammadownload.com



## ရာဂမီးလောင်ပုံ

ရာဂဆိုတာ တပ်စွဲမှု၊ နှစ်သက်သာယာမှု၊ စွဲလမ်းမှုတဲ့၊ ကောင်းကောင်းလေး တွေ့မြင်နေတော့ နှစ်သက်သာယာမှု ဖြစ်တယ်။

ခုနပြောတဲ့ ရုပ်ရှင်တို့၊ ပွဲတို့၊ ဒါတွေသွားကြည့်နေတာ ရုပ်ရှင်ပွဲမဟုတ်လည်း လူငယ်တွေဆို ဒီလိုပါပဲ၊ လှလှပပ တင့်တင့်တယ်တယ်လေးတွေရှာပြီးတော့ ကြည့်နေကြတာပါပဲ၊ အဲဒါလေးတွေမြင်ရရင်အရသာ ရှိတယ်လို့စိတ်ကထင်နေတာ၊ နှစ်သက်သာယာမှုဖြစ်တယ်၊ အဲဒါရာဂမီးလောင်တာပဲ။

ရာဂမီးလောင်တာကို အများပုဂ္ဂိုလ်တွေအနေကတော့ ဒီမီးကမဆိုးဘူးလို့ အောက်မေ့မှာပဲ၊ ဒီရာဂမီးလေးလောင်နေတာကို အရသာရှိတယ်လို့ထင်နေတာကိုး၊ ရာဂမီးမလောင်မှာကို စိုးရိမ်နေရတယ်။ဒီရာဂမီးလောင်ဖို့ရာ မီးစာက အမြဲရှာနေရတယ်၊ အကောင်းလေးတွေ လှလှပပ တင့်တင့်တယ်တယ်လေးတွေ ဒါလေးတွေရအောင် အသက်ရှိရော၊ အသက်မရှိတဲ့ အသုံးအဆောင်တွေရော ရအောင်ရှာရတယ်၊ ရာဂမီးလောင်စေချင်လို့၊ ဒါပေမယ့်လို့ ရာဂမီးလောင်လို့ ဒုက္ခရောက်တဲ့ အခါမှ နေရာမကျမှန်းသိတာ။

တချို့က အာရုံတွေ စွဲလမ်းနေတာပဲ၊ ဒါပေမယ့် တစ်ဘက်က ကိုယ့်အလိုတိုင်းမဖြစ်ဘူးဆိုတဲ့ အခါကျရင် ဆင်းရဲတယ်မဟုတ်လား၊ ကိုယ်နှစ်သက်တဲ့အာရုံလေးတွေ အတွက် မတော်မသင့်တာတွေပြုလို့ရှိရင် လောကတွင်လည်း

http://www.dhammadownload.com



အပြစ်ရောက်တတ်တယ်၊ အခုခေတ်မှာ ခဏခဏပဲ မတော်တာ တွေ့လုပ်လို့ ရာဇဝတ်ပြစ်ဒဏ်တွေ ရောက်နေကြတာ အများကြီးပါပဲ၊ သူတစ်ပါးအသက် သတ်ခြင်း၊ ခိုးခြင်း၊ လိမ်လည်ခြင်း၊ စသည်ဖြင့် ပြုမိရင်တော့ အပါယ်လေးပါး ရောက်ပြီး အကြီးအကျယ် ဒုက္ခရောက်ရတယ်။

အဲဒါ ရာဂမီးနှိပ်စက်တာတဲ့၊ အချို့ပုဂ္ဂိုလ်တွေမှာ ရာဂမီးလောင်နေလို့ အိပ်မပျော် စားမဝင်ဆိုတာ တွေ့ရှိသေးတယ်တဲ့၊ ကြားဘူးတယ်မဟုတ်လား၊ တစ်ဦးတစ်လေ ပေါ့လေ၊ အကုန်လုံးတော့လည်း မဟုတ်ကြပါဘူး၊ ရာဂအားကြီးသူတွေမှာ အဲဒီလိုဖြစ်တယ်၊ ရာဂမီးအပြင်းအထန်လောင်တာ တချို့ သေသည့်တိုင်အောင် ဖြစ်တာရှိတယ်၊ စာထဲပေထဲမှာ လာ တယ်၊ သေသည့်တိုင်အောင်ကို လောင်သွားတယ်။

## ဒေါသမီးလောင်ပုံ

ဒေါသမီးတဲ့ –မကောင်းတာတွေ မြင်ရတဲ့အခါ စိတ်မဆိုးဘူးလား၊ အဲဒါ ဒေါသမီးလောင်တာ ဒါကတော့ တော်တော်ထင်ရှားတယ်၊ ဒေါသဟာ မကောင်းဘူးဆိုတာတော့သိကြတယ်၊ ဒါပေမယ်လို့ ကိုယ်ဒေါသဖြစ်နေတဲ့ အခါမှာတော့ ဒီဒေါသဖြစ်နေတာကိုပဲ အရသာရှိနေတယ်လို့ ထင်နေတာ။

သူများကနေပြီးတော့ "ဟာ–စိတ်မဆိုးပါနဲ့ဗျာ၊ ဒါစိတ်ဆိုးစရာမှမဟုတ်ပဲ၊ သည်းခံရမှာပေါ့၊" စသည်ဖြင့် ဖြန့်ဖြေပြောရင် သိပ်မကြိုက်ဘူး၊ လာပြီးဖြန့်ဖြေတဲ့ ပုဂ္ဂိုလ်ကိုပဲ

http://www.dhammadownload.com



ဟိုဘက်ကလိုက်သလိုလို ဘာလိုလိုနဲ့ အဲဒီလိုတောင်ထင်တတ်တယ်၊ စိတ်ဆိုးနေရတာကိုက သူ့ဟာသူ အရသာရှိနေတာကိုး၊ ဘေးကနေပြီး ကြည့်ရင်တော့ ဒီစိတ်ဆိုးနေတာကို မြင်ရ တာ တော်တော်ကို နေရာမကျတာပဲ။

အဲဒီဒေါသကို အကြောင်းပြုလို့ သူတစ်ပါးအသက်သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ခြင်းစသည်ဖြင့် မတော်တာတွေလုပ်ရင် အပါယ်လေးပါးရောက်ပြီး အကြီးအကျယ်ဒုက္ခရောက်ရတယ်၊ အဲဒါဒေါသမီးလောင်လို့။

## မောဟမီးလောင်ပုံ

မောဟမီးဆိုတာကတော့ အမှန်အတိုင်းမသိရင် မကောင်းမှုတွေပြုနေတာဟာ မောဟမီးလောင်နေတာပါပဲ၊ သူကအမြဲတမ်းလောင်နေတာပဲ။

ရာဂ၊ ဒေါသ၊ မောဟမီး ဒီမီးသုံးပါးက လောင်နေတယ်၊ ကိလေသာမီးသုံးခု၊ ရာဂမီး၊ ဒေါသမီး၊မောဟမီး၊ အမြဲတမ်းလောင်နေတာပဲ။

## နောက်ထပ်မီးသုံးပါး

နောက် ဒါတင်ပဲလားဆိုတော့ ဇာတိ၊ ဇရာ၊ မရဏ ဆိုတဲ့မီးသုံးခု၊

ဘဝအသစ်ဖြစ်ခြင်းဆိုတဲ့ ဇာတိမီးကလည်း လောင်နေတယ်၊

အိုခြင်းဆိုတဲ့ ဇရာမီးကလဲ လောင်နေတယ်၊

http://www.dhammadownload.com



သေခြင်းဆိုတဲ့ မရဏမီးကလည်း လောင်နေတယ်၊ ဒီမီးသုံးပါးလောင်နေတယ်၊ အဲဒါမြင်တာအကြောင်းပြုပြီး စွဲလမ်းတာ။

မြင်တာကနေ စွဲလမ်း၊ စွဲလမ်းရာကနေပြီး ကိုယ်အလိုရှိတဲ့အတိုင်း ပြုလုပ်တယ်၊

ကိုယ်အလိုရှိတာရအောင် ပြည့်စုံအောင်လို့ ကြောင့်ကြစိုက်ရ အားထုတ်ရတယ်၊ ခုလူ့လောကမှာ ကိုယ်အလိုရှိတဲ့အတိုင်း ပြည့်စုံအောင်လို့ အားထုတ်နေတာတွေဟာ စွဲလမ်းလို့၊ အဲဒါမြင်ရာကနေစွဲလမ်းပြီး ကိုယ့်အလိုအတိုင်း ပြည့်စုံအောင်လို့ လောလောဆယ်မှာ ကြီးပွားချမ်းသာအောင်လို့အားထုတ်ကြ၊ ပြုလုပ်ကြတယ်၊ တရားသဖြင့် လုပ်တာကတော့ အပြစ်မကြီးပါဘူး၊ မတရားသဖြင့် ပြုမိလို့ရှိရင်တော့ လောကတွင်လည်း ရာဇဝတ်ပြစ်ဒဏ်တွေဖြစ်တယ်၊ နောင်သံသရာဘဝတွေမှာလည်း အပါယ်လေးပါးရောက်လို့ အတိဒုက္ခ ရောက်ရတယ်။

## ဇာတိမီးလောင်ပုံ

နောင်သံသရာဆိုတာ အဲဒါဇာတိဒုက္ခမပဟုတ်လား ဇာတိဘဝအသစ်ဖြစ်ရင် အဲဒီတစ်ဘဝလုံး ဒုက္ခရောက်တော့တာဘဲ၊ ဘယ်မှမပြေးနိုင်ဘူး၊ ဘဝအသစ်ဖြစ်မှတော့ တိရစ္ဆာန်ဖြစ်ရင် တိရစ္ဆာန်ဆင်းရဲတွေ တိမ်းလို့ရှောင်လို့မရဘူး၊ ပြိတ္တာဖြစ်ရင် ပြိတ္တာဆင်းရဲတွေ၊ ငရဲရောက်ရင် ငရဲဆင်းရဲတွေ ကုသိုလ်ကောင်းမှုတွေပြုလို့ လူ့ဘဝရောက်လာဦးတော့ လူဖြစ်ရင်ကော လူ့ဆင်းရဲတွေ မရှိဘူးလား၊ တချို့ကံမကောင်း

http://www.dhammadownload.com



အကြောင်းအခန့်မသင့်လို့ ငယ်ငယ်ကတည်းက စားဝတ်နေရေး ဆင်းရဲလို့ တစ်သက်လုံးဆင်းရဲလာရသကိုး၊ လူနိုင်တွေက နှိပ်စက်လို့အကြီးအကျယ်ဒုက္ခတွေ ရောက်ရတယ်။

အဲဒါဘဝသစ်ဖြစ်ရလို့ ဒုက္ခတွေရောက်တာ၊ နတ်ပြည်လည်းအထိုက်အလျောက် ဒုက္ခတွေရှိနေတာပဲ၊ အဲဒါဘဝသစ်ဖြစ်တဲ့ ဆင်းရဲ၊ ဘဝအသစ်ဖြစ်တာကလည်း မီးတစ်ခုပဲတဲ့၊ မီးလောင်နေတာပဲ။

## ဇရာမီးလောင်ပုံ၊ မရဏာမီးလောင်ပုံ

ပြီးရင် မအိုရဘူးလား၊ အိုရတာလည်းဆင်းရဲပဲ၊ မအိုသေးတဲ့ပုဂ္ဂိုလ်တွေက သိပ်မသိသေးဘူး၊ ငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော် အဲဒီကျမှသိတာ။ အိုပြီဆိုရင် အဘိုးကြီးတွေ အဘွားကြီးတွေသံသရာ ဝဋ်ဆင်းရဲတွေ ကြောက်လိုက်တာ ညည်းညူလို့၊ နောက်ဘဝလည်းမဖြစ်ချင်ဘူး၊ ဒီခန္ဓာကိုယ်ကြီးလည်း မရချင်ဘူးတဲ့၊ ဒီဘဝတွေ ငြိမ်းချမ်းချင်တယ်၊ ဒီလိုပြောကြတယ်၊ အဲဒါအိုလို့နော်။

ငယ်ငယ်တုံးကဆို ဒီလိုမထင်ကြဘူး၊ ငယ်ငယ်တုံးကတော့ ပျော်လို့၊ လောကအလိုကာမဘုံဆိုတော့ကာ အိမ်ထောင်သားမွေး ဒီဥစ္စာတွေနဲ့ပျော်နေခဲ့ကြတာပေါ့၊ စားဝတ်နေရေးတွေ၊ စီးပွားရေးတွေ အဆင်ပြေရင်သာပြီး ပျော်တာပေါ့၊ အဲဒီလိုပျော်နေကြတာ။

အိုလာတယ်ဆိုတော့ နေရာမကျဘူး၊ သူများတွေကလည်း အဖော်တယ်မလုပ်ချင်ကြတော့ဘူး၊ တော်တော်နေရာမကျ

http://www.dhammadownload.com



ပါဘူး၊ တချို့ အိုမင်းမစွမ်းဖြစ်ပြီးတော့ အဘိုးကြီးတွေ အဘွားကြီးတွေ အိုမင်းမစွမ်းရှိတော့ သိပ်သနားစရာကောင်းတယ်၊ ရဟန်းထဲကလည်းရှိတာပဲ၊ မထေရ်ကြီးတွေဘာတွေ ဖြစ်လာ ရှေးကုသိုလ်ကံ သိပ်မရှိရင် အထောက်အပံ့အကူအညီ သိပ်ရှိတာမဟုတ်ဘူး။

အမျိုးသမီးထဲကလည်း သီလရှင်တွေ ဘာတွေဆိုရင် အသက်အရွယ်ကြီးသွားလို့ရှိရင် ကံကောင်းတဲ့သူများတော့ အထောက်အပံ့များပါတယ်၊ အကြောင်းမညီညွတ်ရင်လည်း ဒီအဘွားကြီးသီလရှင်တွေလဲ ဒုက္ခရောက်ကြတာပါပဲ။

အိုခြင်းမီးလောင်တာတဲ့၊ မြင်ရာနေပြီးမီးလောင်တာတဲ့၊ နောက်ဆုံးကျတော့ မသေရပေဘူးလား။ သေရတာက ကြောက်စရာအကောင်းဆုံးပဲ။

## သောကမီး

မသေခင်အတွင်းမှာလည်း သောကေဟိတဲ့ စိုးရိမ်ပူဆွေးရတဲ့မီးကလည်း လောင်တယ်၊ ပရိဒေဝေဟိ ငိုကြွေးရတဲ့ မီးကလည်း လောင်တယ်။

## ပရိဒေဝမီး

ဒါကတော့ ပုဂ္ဂိုလ်တိုင်းနဲ့တော့ မဆိုင်ဘူး၊ ငိုတတ်တဲ့ သူတွေသာငိုရတယ်၊ အမျိုးသားတွေကတော့ ကြိတ်မှိတ်ခံနေလိုက်တယ်၊ မငိုပါဘူး၊ အမျိုးသမီးတိုင်းလိုလိုကတော့ ကိုယ်နဲ့ စပ်ရာစပ်ရာ ရင်းနှီးတဲ့ပုဂ္ဂိုလ်တွေ သေကျေပျက်စီးတဲ့အခါ

http://www.dhammadownload.com



ငိုကြတယ်ကိုး၊ ကိုယ်နဲ့ခွေမျိုးမတော်စေကာမူ ကိုယ်က အားကိုးပြီး နေတဲ့လူကြီး လူကောင်းတွေ သေကျေပျက်စီးသွား ရင် မျက်ရည်တွေနဲ့ငိုယိုကြတယ်။

အဲဒါတွေဟာ ပရိဒေဝမီးလောင်တာတဲ့၊ ဒါဒီတစ်ဘဝ တွင်မဟုတ်ဘူး၊ သားသေလို့၊ လင်သေလို့၊ မယားသေလို့၊ မိဘသေလို့၊ ခွေမျိုးသေလို့၊ စီးပွားဥစ္စာရတနာတွေပျက်စီးလို့၊ ဒါလဲ ဒီတစ်ဘဝလည်း ဘယ်ဟုတ်မလဲ ဘဝတိုင်းဘဝတိုင်း တွေ့ကြုံရတာတွေများလှပြီ၊ အဲဒီသောက ပရိဒေဝမီးတွေလည်း လောင်နေတယ်တဲ့။

## "ဒုက္ခမီး"ကိုယ်ဆင်းရဲဖြစ်ပုံ

ဒုက္ခေဟိ–ဒုက္ခမီးတွေ၊ ကိုယ်ဆင်းရဲတွေကလည်း လောင်နေတယ်တဲ့။

ဒုက္ခဆင်းရဲကတော့ လူတိုင်းလူတိုင်းရှိကြတာပဲ၊ အသေးနဲ့အကြီးသာကွာတာ ကိုယ်ထဲမှာ အမှတ်တမဲ့နေရင် တော့ ငယ်ငယ်ရွယ်ရွယ်တွေက ဆင်းရဲမရှိဘူးလို့ ထင်တာကိုး၊ ဆင်းရဲတွေကရှိနေတာ၊ မယုံစမ်းကြည့်ပါလား၊ ထိုင်ချင် လည်း ထိုင်နေပါ၊ လှဲအိပ်ချင်လည်း အိပ်နေပါ၊ မပြင်နဲ့၊ ဒီအတိုင်း နေရမယ်ဆိုရင် တစ်နာရီလောက် နေနိုင်ပါ့မလား၊ တချို့ ဆယ်မိနစ် ဆယ့်ငါးမိနစ်လောက်ဆို ညောင်းလာတာ အောင့် လာတာ မနေနိုင်ဘူး၊ တရားအားထုတ်မှသိတာ၊ ဒီအတိုင်း ဆိုတော့ ခဏခဏပြင်နေတာကိုး၊ ကိုယ်ထဲမှာ ဆင်းရဲ ရှိမှန်း မသိဘူး၊ ဣရိယာပုတ်က ဖုံးလွှမ်းနေလို့မသိတာ၊ ပြင်ပြင်ပေးနေလို့

http://www.dhammadownload.com



နေသာထိုင်သာရှိတာ၊ ဣရိယာပုတ်က ဖုံးလွှမ်း နေလို့ဆိုတာ တကယ်ဟုတ်တာ၊ မပြုပြင်ပေးဘဲနေရင် မနေ သာဘူး၊

ဒီကိုယ်ကြီးကို နေ့စဉ်နေ့စဉ် အစာတွေလည်း ကျွေး ရတယ်၊ ရေလည်းတိုက်နေရတယ်၊ နေ့စဉ် နေ့စဉ်လုပ်နေရ တယ်၊ အစာတို့ ရေတို့မရှိရင် မခက်ဘူးလား၊ ခက်မယ်၊ သေနိုင်တယ်၊ ရေချိုးတာနဲ့ မျက်နှာသစ်ရတာနဲ့၊ စားသောက် ပြီးတဲ့အစာတွေလည်း အညစ်အကြေးတွေဖြစ်ပြီး ဒါတွေ မသုတ်သင်ရဘူးလား၊ အဲဒါတွေနဲ့စပ်ပြီးတော့ ကိုယ်ဆင်းရဲ တွေ အမျိုးမျိုးပါပဲ။

## နာခြင်းမီး

ဒါရိုးရိုးရှိသေးတာပဲ၊ အဲဒါရောဂါမရောက်သေးဘူး၊ အချို့ပုဂ္ဂိုလ်တွေ အိပ်ယာထဲလဲပြီးတော့ ရောဂါရောက်လာ တော့ ဒုက္ခမရောက်ပေဘူးလား၊ ကိုယ်ဆင်းရဲတွေတဲ့၊ ခလုတ်တိုက်လို့ ဆူးစူးလို့စသည်ဖြင့် ဒါတွေလည်းရှိတာပဲ၊ သူများတကာကရိုက်လို့နှက်လို့၊ ဒီလိုဟာတွေလည်းရှိတာပေါ့၊ ဒါလူ့လောကမှာ၊ တိရစ္ဆာန်လောကမှာဆို နိုင်ရာနိုင်ရာက ဖမ်းစားလို့ ကိုက်စားလို့ သေရတာအများကြီးပေါ့။

## ဒေါမနဿမီး

ကိုယ်ဆင်းရဲမီးတွေကလောင်သလို စိတ်ဆင်းရဲမီးတွေ ကလည်း နှလုံးထဲမှာ ပူလောင်ပြီးမခံသာ အောင်ဖြစ်တတ်တယ်၊ အိပ်မပျော်၊ စားမဝင် အတိဒုက္ခတွေရောက်တယ်။

http://www.dhammadownload.com



ဥပါယာသမီး

ဥပါယာသ ဖြစ်မှဖြစ်ရလေခြင်းဆိုပြီး တောက်တခေါက်ခေါက်နဲ့ ပူပန်ရတဲ့ ဆင်းရဲတွေကလည်းဖြစ်တယ်၊ အဲဒီမီးတွေလောင်နေတယ်။

အဲဒါမြင်ရာကနေပြီးတော့ ဒီမီးတွေလောင်နေတာ၊ အခုသတ္တဝါတွေမှာ မြင်ရာကလောင်တာလည်း ရှိတာပဲ၊ တချို့လည်း ကြားရာက နံ့ရာကစသည်ကလောင်နေကြတယ်၊ အခုဟာက မြင်ရာကနေဖြစ်နေတာ ကိုပြောနေတာ၊ နောက်ဟာတွေကျတော့မှပြောရမယ်၊ အဲဒီတော့ အဲဒီမှာချုံးရမယ်။

မီးတစ်ဆယ့်တစ်ပါး

တေန အာဒိတ္တ–ဘာမီးကလောင်သလဲ၊ ဘာကလောင်သလဲ။

ရာဂမီးက လောင်သည်။
ဒေါသမီးကလောင်သည်။
မောဟမီးကလောင်သည်။
ဇာတိမီးကလောင်သည်။
ဇရာမီးကလောင်သည်။
မရဏမီးကလောင်သည်။
သောကမီးတွေကလောင်သည်။
(ဗဟုဝုစ်နဲ့ သောကေဟိ)
ပရိဒေဝမီးတွေက လောင်သည်။

http://www.dhammadownload.com



ဒုက္ခမီးတွေကလောင်သည်။ ကိုယ်ဆင်းရဲမီးတွေ။
ဒေါမနဿမီးတွေကလောင်သည်။ စိတ်ဆင်းရဲမီးတွေ။
ဥပါယာသမီးတွေကလောင်သည်။ ပြင်းစွာပူပန်ရတဲ့ မီးတွေ

မီးတစ်ဆယ့်တစ်ပါးဆိုတာဒါတွေပဲ။ မြင်ရာကနေပြီးတော့ မီးတစ်ဆယ့်တစ်ပါးလောင်ပုံ။ ဟုတ်ပြီလား။

## ကိုယ်တွင်းမီးတွေ

ဘာကလောင်သလဲ–
ရာဂ၊ ဒေါသ၊ မောဟ၊ သုံးဖြာ၊
ဖြစ် အို သေရေး၊ ပူဆွေး ငိုတာ၊
ကိုယ်စိတ်ဒုက္ခ၊ ပူရပြင်းစွာ၊ (ဥပါယာသ–ဖြစ်မှဖြစ်ရလေခြင်း)
ကိုယ်တွင်းမီး၊ ထိန်ငြီးဆယ့်တစ်ဖြာ၊ (ဘဝအသစ်ဖြစ်ရတဲ့မီး ၁၁–ခု)

ကိုယ်တွင်းမီးတဲ့။ တခြားကလောင်လာတာမဟုတ်ဘူး၊ ကိုယ့်ဟာကိုယ်လောင်နေတာ။ ကိုယ့်ဟာ ကိုယ်မွှေး ကိုယ့်ဟာကိုယ် လောင်နေတာတွေ၊ အဲဒါမြင်ရာကနေပြီး လောင်နေတဲ့ မီးဆယ့်တစ်ပါးတဲ့။

စာရှက်ရှိတဲ့လူတွေကတော့ မေ့မှာမဟုတ်ဘူး၊ စာရှက်မရှိတဲ့လူတွေတော့ သိပ်မလွယ်လှဘူး။ ပြောတုန်းတော့ နားလည်သားပဲ။ တော်တော်ကြာတော့ ပျောက်ရော၊ တရားနာကထသွားတော့ မရှိတော့ဘူး။ ဉစ္စာ–ရင်ခွင်မှာရှိတဲ့ပစ္စည်းဟာ

http://www.dhammadownload.com



ထိုင်နေတုန်းတော့ရှိတယ်၊ ထသွားတော့ ကျနေရစ်ခဲ့သလိုဘဲ၊ မတတ်နိုင်ဘူး၊ အဲဒါတော့လည်း ဟောပြောနေတုန်း၊ နားထောင်နေတုန်း နားလည်သဘောပေါက်ရင်တော်ပါပြီ။

နောက်ဟာတွေဟာ ကျဉ်းကျဉ်းပဲဟောရတော့မှာပဲ၊ အခုတစ်နာရီရှိသွားပြီ၊ နောက်တစ်နာရီအတွင်း ပြီးမှာပါ။

## ကြားခြင်း၌မီးလောင်ပုံ

သောတံ ဘိက္ခဝေ အာဒိတ္တံ သဒ္ဒါ အာဒိတ္တာ–အစရှိသဖြင့် ဟောထားတယ်။

ဘိက္ခဝေ–ရဟန်းတို့၊ သောတံ–နားကို၊ အာဒိတ္တံ–ရဲရဲပြောင်ပြောင် တောက်လောင်အပ်၏၊ သဒ္ဒါ– အသံတို့ကို၊ အာဒိတ္တာ–ရဲရဲပြောင်ပြောင် တောက်လောင်အပ်ကုန်၏။ သောတဝိညာဏံ–ကြားသိမှုကို၊ အာဒိတ္တံ–ရဲရဲပြောင်ပြောင် တောက်လောင်အပ်၏၊ သောတသမ္ဖဿော–ကြားတွေ့မှုကို၊ အာဒိတ္တော–ရဲရဲပြောင်ပြောင် တောက်လောင်အပ်၏၊ သောတသမ္ဖဿ ပစ္စယာ–ကြားတွေ့မှုဟူသော အကြောင်းကြောင့်၊ သုခံ ဝါ–ချမ်းသာမှုလည်းဖြစ်သော၊ ဒုက္ခံ ဝါ–ဆင်းရဲမှုလည်းဖြစ်သော၊ အဒုက္ခမသုခံ ဝါ–မဆင်းရဲ မချမ်းသာ၊ အလယ်အလတ်ဖြစ်သော၊ ယံဝေဒယိတံ–အကြင်ခံစားမှုသည်၊ အတ္ထိ–ရှိ၏၊ တမ္ပိ–ထိုခံစားမှု သုံးပါးကိုလည်း၊ အာဒိတ္တံ–ရဲရဲပြောင်ပြောင် တောက်လောင်အပ်၏။

အဲဒါလည်းပဲ ခုနကလိုငါးခုရှိတယ်။

ကြားရတဲ့အသံကတစ်ခု၊ ကြားတဲ့နားကတစ်ခု၊

http://www.dhammadownload.com



ကြားသိတာကတစ်ခု၊ ကြားတွေ့တာကတစ်ခု၊

ကြားလို့ကောင်းတာ မကောင်းတာကတစ်ခု၊ ငါးခုရှိတယ်။

## မီးနှင့်အစွဲ

ဒွါရတိုင်း ဒွါရတိုင်း အဲဒီငါးခုက ဒုက္ခပေးနေတာ။ ဝိပဿနာမရှုရင် ဒီငါးခုကို နိစ္စမြဲတယ်ထင်တယ်၊ သုခချမ်းသာတယ်၊ ကောင်းတယ်ထင်တယ်။ အတ္တကောင် ငါကောင်ပဲဆိုပြီး စွဲလမ်း၊ စွဲလမ်းရာကနေပြီးတော့ အကုသိုလ်ပြုမိတာလဲရှိတယ်။ ကုသိုလ်ပြုမိတာလဲရှိတယ်။ အကုသိုလ်ပြုမိလို့ရှိရင် အပါယ်လေးပါးရောက်ပြီး ဒုက္ခတွေရောက်ရတယ်၊ လူ့ဘဝရောက်လဲ မကောင်းကျိုးတွေ ခံစားရ၊ တွေ့ရတယ်။

ကုသိုလ်ကောင်းကျိုးတွေပေးပါရဲ့၊ လူ့ဘဝ နတ်ဘဝ ရောက်ရပါရဲ့ ဖြစ်ရ၊ နာရ၊ အိုရ၊ သေရ၊ ဆင်းရဲတွေတော့ တွေ့ရတာပါပဲ။

## ဆောင်ပုဒ်

နောက်ထပ်လည်း ဒီမီးတွေလောင်နေတာပဲ၊ အခုပြောတဲ့မီးတွေပဲ။

ရာဂမီး လောင်သည်။
ဒေါသမီး လောင်သည်။
မောဟမီး လောင်သည်။
နားကိုလည်း လောင်သည်။

http://www.dhammadownload.com



အသံတွေကိုလည်း လောင်သည်။
ကြားသိစိတ်ကိုလည်း လောင်သည်။
ကြားတွေ့မှုကိုလည်း လောင်သည်။
ကြားလို့ကောင်းတာ မကောင်းတာကိုလည်း လောင်သည်။

ကြားရတဲ့အသံကိုအကြောင်းပြုပြီးတော့ ရာဂမီး၊ ဒေါသမီး၊ မောဟမီး လောလောဆယ်လောင်နေတာပဲ၊ အဲဒါကိုအကြောင်းပြုပြီးတော့ အဲဒါကိုစွဲလမ်းပြီးတော့ ကိုယ်အလိုရှိတာကို အားထုတ်ပြီးတော့ ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဘဝသစ်တွေဖြစ်ရတယ်။

ဇာတိမီးတဲ့ အပါယ်လေးပါးဆိုရင်တော့ ဆင်းရဲတာ သေသေချာချာ ထင်ရှားပြီ၊ လူ့ဘဝဖြစ်ရင်တော့ လူဆင်းရဲတွေရှိတာပဲ၊ တစ်ဘဝလုံးဆင်းရဲတွေပဲ၊ ဇာတိဘဝအသစ်ဖြစ်ရင် အိုတဲ့ဆင်းရဲတွေလည်း တွေ့ရမယ်၊ သေတဲ့ဆင်းရဲတွေလည်း တွေ့ရမယ်။

ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲကိုး၊ နာတာကတော့ ကိုယ်ဆင်းရဲမှာ ဆက်ပြီးတော့ ဟောထားတယ်၊ နာတာကိုဒီမှာ သီးသန့်မထည့်ဘူး၊ အိုတာနဲ့ သေတာ နာတာကကျန်နေပါတယ်။

## နံ့ရာဠမီးလောင်ပုံ

ဒီမီးတွေကင်းအောင်လုပ်ဖို့က အရေးမကြီးဘူးလား၊ အရေးကြီးတယ်၊ လောကမှာ မီးသတ်တို့ ဘာတို့ဆိုတာ

http://www.dhammadownload.com



ဒါတွေပေါ့၊ ဒီလိုအရေးကြီးတာတွေလုပ်ရတာပေါ့။

နံတဲ့အခါကာလမှာလည်းပဲ
နှာခေါင်းကိုလည်း လောင်သည့်။
နံသိစိတ်ကိုလည်း လောင်သည့်။
အနံ့တွေကိုလည်း လောင်သည့်။
နံတွေ့တဲ့ဖဿကိုလည်း လောင်သည့်။
နံလို့ကောင်းတာ–မကောင်းတာ ဝေဒနာကိုလည်း လောင်သည့်။

ဘာမီးတွေတုန်းဆိုတော့ ရာဂမီး၊ ဒေါသမီး စတဲ့ မီးတစ်ဆယ့်တစ်ပါးပဲ။

## စားရာ၌မီးနဲ့လောင်ပုံ

စားတဲ့အခါကာလကျတော့ အရသာစားသိတော့ကို လျှာရုပ်ကလည်းထင်ရှားတယ်၊ လျှာကိုလည်း လောင်တယ်၊ လျှာရုပ်ကလည်း ထင်ရှားတာပဲ။

စားရတဲ့အရသာကောင်းတွေမှာ ရာဂမီးလောင်တယ်တဲ့။

မကောင်းတဲ့အခါ ဒေါသမီးလောင်တယ်။

အခုစားရေးသောက်ရေး အဆင်မပြေရင်တချို့က ချက်တဲ့ပြုတ်တဲ့သူတွေကိုတောင် မာန်ချင်မဲချင်တာကရှိသေး တာကိုး၊ အရသာအကြောင်းပြုပြီးတော့ မီးလောင်တာ ဒေါသမီး၊ ရာဂမီးလည်းလောင်တယ်၊ မောဟမီးလည်း လောင် တယ်။

http://www.dhammadownload.com

## စားတာနှင့်မီး

အရသာကောင်းတွေရှာတဲ့နေရာမှာလည်း ရာဂနဲ့ရှာတာ။ ဒေါသနဲ့ရှာရတာလည်းရှိတာကိုး၊ ရာဂမီးလည်းလောင်၊ ဒေါသမီးလည်းလောင်။

ပြီးတော့ စားသိတဲ့စိတ်၊ အရသာသိတဲ့စိတ်၊ ဒါလေးလည်းပဲလောင်တယ်၊ အရသာသိတဲ့ ချိုချဉ်ရသာ ကောင်းလေးတွေ ခံစားရတာကောင်းတယ်ထင်ပြီးတော့ အဲဒီအရသာကောင်း လေးတွေရအောင်ရှာကြံပြီးတော့ ဒေါသတွေဘာတွေလည်း ဖြစ်ရတယ်။

နောက်ပြီးတော့ စားသိပြီးတော့ အရသာနဲ့ စိတ်နဲ့တွေ့သွားတာ ဖဿတဲ့။ အဲဒီ တွေ့လို့ကောင်းတာတွေ မကောင်းတာတွေ။

သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ အဲဒါတွေလည်း မီးလောင်တယ်၊ အဲဒါဘာမီးတွေလည်း ရာဂမီး၊ ဒေါသမီးစသည့်ဆယ့်တစ်ပါးပဲ။

## အထိအတွေ့နှင့်မီးလောင်ပုံ

ပြီးတော့ ကိုယ်အတွေ့တဲ့ အရေးကြီးတယ်၊ နာခေါင်းကအနံ့နဲ့ တွေ့တယ်ဆိုတာ ရံခါပဲ၊ အနံ့ဆိုတာက အမြဲတမ်းရှိတာမဟုတ်ဘူး၊ လျှာက အရသာနဲ့တွေ့တယ်ဆိုတာကလည်း စားတဲ့အခါပဲရှိတာ၊ အမြဲတမ်းရှိတာမဟုတ်ဘူး။ မြင်တာတို့ကြားတာတို့က မပြတ်ရှိတာမဟုတ်လား၊ နိုးနေလို့ရှိရင်

http://www.dhammadownload.com



မျက်စိက မြင်စရာရှိတာ မြင်နေတာပဲ၊ ကြားစရာရှိတာလည်း ကြားနေရတာပဲမဟုတ်လား။

အတွေ့အထိကြတော့ အမြဲတွေ့ထိနေရတာပဲ၊ နေ့မှမဟုတ်ဘူး၊ ညလည်းမှောင်ထဲမှာလည်း အတွေ့အထိက တော့ ရှိနေတာပဲ၊ ဘယ်လိုပဲနေနေ အတွေ့အထိ တစ်ခုခုတော့ ရှိတာပဲ၊ ပြီးတော့ ကိုယ်ထဲမကောင်းတဲ့ အတွေ့တွေနဲ့တွေ့ ပြီးတော့ ဒုက္ခတွေရောက်တတ်တယ်။ အဲဒါလည်းအင်မတန် များတယ်၊ ကိုယ်အတွေ့ကလဲအရေးကြီးတယ်၊ ကိုယ်အတွေ့ လေးတွေကိုလည်း ဆိုကြဦးစို့ရဲ့။

ကိုယ်ရုပ်ကိုလည်း လောင်သည်။
အတွေ့များကိုလည်း လောင်သည်။
ထိသိစိတ်ကိုလည်း လောင်သည်။
ထိတွေ့မှုကိုလည်း လောင်သည်။
ထိတွေ့လို့ကောင်းတာ မကောင်းတာကိုလည်း လောင်သည်။

ဘာကလောင်သလဲ–ရာဂမီး၊ ဒေါသမီး၊ မောဟမီး စသည့် တဆယ့်တစ်ပါးသော မီးတွေက လောင်နေတယ်၊ ကိုယ်က အထိအတွေ့လေး ကောင်းနေတယ်ဆိုရင် နှစ်သက်သာယာမှု မဖြစ်ဘူးလား၊ ရာဂမီးလောင်တာဘဲ။

## ထိတွေ့မှုနှင့်မီးသုံးခု

မကောင်းတာနဲ့တွေ့ရင် ဒေါသမီး၊ စိတ်မဆိုးဘူးလား၊ အဲဒါကတော့ သိပ်စိတ်ဆိုးတာ၊ ခြင်ကိုက်တယ်ဆိုရင် အဲဒီခြင်

http://www.dhammadownload.com



ကိုစိတ်ဆိုးတယ်၊ မစောင့်စည်းတဲ့ပုဂ္ဂိုလ်ဆို အဲဒီခြင်ကို ပွတ်သပ်လိုက်တာပဲ။ စောင့်စည်းတဲ့ပုဂ္ဂိုလ်တွေက ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်တွေကတော့ မသတ်ပါဘူး၊ ခြောက်လွှတ်လိုက်တယ်၊ မစောင့်စည်းတဲ့ပုဂ္ဂိုလ်တွေကတော့ ပုရွက်ဆိတ်ကိုက်လည်း ပွတ်သပ်လိုက်တာပဲ၊ အဲဒါအသေးအမွှားကောင်လေးတွေ။

လူလူခြင်းပဲ ကိုယ့်လာပြီးတော့နာကျင်အောင် ထိခိုက်အောင်လုပ်ရင် စိတ်မဆိုးဘူးလား၊ ခဲနဲ့လာပေါက် ရင်စိတ်မဆိုးဘူးလား၊ ခဲနဲ့လာပေါက်ရုံတောင်မဟုတ်ပါဘူး၊ ကိုယ့်ကိုယ်မှာရှိတဲ့ဆံပင်လေးဆိုပါတော့ အဲဒီ ဆံပင်လေးကို လာကိုင်လျှင်တောင် မကြိုက်ကြဘူး။ အဲဒါတွေရှိတယ်၊ စိတ်ဆိုးတယ်၊ အမြဲပဲအတွေ့ကောင်းကျတော့ သာယာတယ်၊ အတွေ့ဆိုးကျတော့စိတ်ဆိုးတယ်၊ ရာဂမီး၊ ဒေါသမီးတွေလောင်တာ။

## မောဟမီး

မောဟကတော့ အမြဲတမ်းပါပဲ၊ မြဲတဲ့အနေ၊ ချမ်းသာတဲ့အနေ ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ထင်မှတ်စွဲလမ်းတာ မောဟမီးလောင်နေတာပဲ။

အဲဒီတွေ့ထိရာက စွဲလမ်းမှုဖြစ်တယ်၊ စွဲလမ်းမှုဖြစ်လို့ စွဲလမ်းတဲ့အတိုင်း ပြည့်စုံအောင်အားထုတ်တဲ့အခါ လောကအနေနဲ့ အပြစ်ရှိတာတွေ သွားကျူးလွန်မိရင် ဒုက္ခရောက်တာပဲ၊ အကုသိုလ်အမှုတွေပြုရင် အပါယ်လေးပါးရောက်၊ ဒုက္ခရောက်တယ်။

http://www.dhammadownload.com

## ဇာတိနှင့်မီး

အဲဒါဘဝအသစ်ဖြစ်စေတဲ့ ဇာတိမီးတွေလည်း လောင်တယ်၊ အဲဒီဖြစ်ရာဘဝမှာ ဇရာအိုရမယ်၊ အဲဒီဘဝမှာ သေရမယ်ဆိုတဲ့ မရဏမီးတွေလဲ လောင်တယ်၊ မသေခင်အတွင်း စိုးရိမ်ပူဆွေးမှု ငိုကြွေးမှုတွေလဲ မရှိဘူးလား၊ ဘဝတိုင်း ဘဝတိုင်းရှိနေပါတယ်။

အကြောင်းအားလျော်စွာ ဒီတစ်ဘဝထဲမဟုတ်ပါဘူး၊ မိမိတို့ ရှေးရှေးဘဝတွေက အကြောင်းတွေများ ဓာတ်ပုံတွေ ဘာတွေရိုက်၊ ရုပ်မြင်သံကြားတွေနဲ့ အသံရော ဘာရောနဲ့များ ဖမ်းပြီးကြည့်လို့ရရင် အတော်စိတ်ညစ်စရာ၊ စိတ်ပျက်စရာ ကောင်းမှာ၊ အဲဒါမီးတွေလောင်နေတာ၊ အဲဒီမီးတွေငြိမ်းအောင် အားထုတ်ဖို့က အရေးကြီးတယ်။

## စိတ်ကူးကြံစည်မှုဋ္ဌမီးစွဲလောင်ပုံ

နောက်ပြီးတော့ စိတ်ကူးကြံစည်တဲ့ အခါကာလမှာ စိတ်ကူးကြံစည်မှု၏ တည်ရာဖြစ်တဲ့ နှလုံးလည်းရှိတယ်။

စိတ်ကူး စဉ်းစားကြံစည်မှု၏ အကြောင်းဖြစ်တဲ့ ဘဝင်စိတ်လည်းရှိတယ်၊ အဲဒါကို နှလုံးလို့လည်း ဒီမှာဆိုပါတယ်။

နှလုံးကိုလည်း လောင်သည်။

စိတ်ကူးအာရုံ သဘောအာရုံတွေကိုလည်း လောင်သည်။

စိတ်ကူးစဉ်းစား ကြံသိစိတ်ကိုလည်း လောင်သည်။

http://www.dhammadownload.com



အဲဒီစိတ်လဲပဲ ကောင်းလို့ရှိရင်လဲ သာယာတာပဲ၊ မကောင်းတာတွေ့လို့ စိတ်ဆိုး၊ စိတ်ညစ်ဒုက္ခတွေ တွေ့နေတဲ့အခါကျတော့ စိတ်ဆင်းရဲခြင်းဒေါသတွေဖြစ်တယ်။

ပြီးတော့ ကြွတွေ့မှုစိတ်ကူး စဉ်းစားအာရုံတွေနဲ့ တွေ့နေတာသူကလည်း တွေ့တယ်။

### စိတ်ကူးကြံစည်မှုနှင့် အခြားဒွါရများ

မျက်စိမြင်တယ်ဆိုတာက အနီးအပါးလေးတွင်မြင်တာ၊ မမြင်နိုင်တဲ့ အရပ်တွေကြတော့ ဘယ်မြင်နိုင်မလဲ၊ အခုလူတွေမြင်တာ ဘယ်လောက်မြင်နိုင်မလဲ၊ ပေ(၁၀၀၀)လောက်မြင်ပါ့မလား၊ ပေတစ်ထောင်လောက် မြင်ဖို့ကတော့ ခက်တယ်၊ အများမြင်နိုင်တာက ပေတစ်ရာလောက်အတွင်းတော့ မြင်ပါတယ်၊ ဒါတောင်မှ ပေတစ်ရာလောက်ဝေးသွားရင် အာရုံတွေကသိပ်မပီသတော့ဘူး၊ ခပ်နီးနီးမှ၊ ဒါကြောင့်မို့လူတွေကလေပွဲကြည့်တဲ့အခါ ရှေ့ဆုံးကနေရာကောင်းရအောင် မှတ်ပြီးတော့ပွဲကြည့်ကြတာကိုး၊ အမြင်ကောင်း၊ အတွေ့ကောင်းတွေမြင်ရအောင်လို့၊ အဲဒီတော့ မျက်စိကအဝေးကြီးလဲမမြင်နိုင်ဘူး၊ မျက်ကွယ်မှာလဲ မမြင်နိုင်ဘူး။

နားကလဲ အနီးအနားတင်ကြားနိုင်တယ်၊ အဝေးကဟာတွေ မကြားနိုင်ဘူး၊ နှာခေါင်းက သာပြီးတော့ နယ်ကျဉ်းတာပဲ၊ အင်မတန်နီးစပ်တဲ့နေရာရောက်မှ၊ လျှာကတော့လျှာပေါ်ရောက်မှကို သိတာမဟုတ်လား၊ ခွက်ထဲမှာ ထည့်ထားတာတောင်မှ လျှာပေါ်မရောက်သေးခင်မှာ ကောင်းမှန်းဆိုးမှန်း

http://www.dhammadownload.com



မသိနိုင်သေးဘူး၊ ကိုယ်အတွေ့အထိဆိုတာကတော့ တယ်မပြတ်ဘူးရှိတယ်။

## အမြဲတမ်းဖြစ်နေတာ

စိတ်ကူးစဉ်းစားပြီး ကြံစည်တာကတော့ အမြဲတမ်းကို တွေ့နေတာ။ ကိုယ်အတွေ့ကတော့ ကိုယ်နဲ့နီးစပ်မှ တွေ့တာ၊ မနီးစပ်လို့ကတော့မတွေ့ဘူး။ တိုက်မှခိုက်မှတွေ့တာ ကောင်းတဲ့အာရုံဖြစ်ဖြစ်။ လက်တစ်လုံးခြားနေရင်ကို အတွေ့ အထိ သိပါ့မလား၊ မသိဘူး၊ ကောင်းတဲ့အတွေ့တွေ တွေ့ချင်ပါတယ်ဆိုရင် လက်တစ်လုံးလောက်ခြားနေရင်လဲ အာမှကောင်းတဲ့အတွေ့မတွေ့နိုင်ဘူး။

မကောင်းတဲ့အာရုံ အတွေ့တွေကလည်း ဒီအတိုင်းပဲ၊ နာကျင်ခံခက်မည်၊ ဆူးတို့ဘာတို့ စူးမယ်ဆိုရင် လက်တစ်လုံးလောက်ခြားနေရင် မနာပါဘူး၊ ကိုယ်နဲ့ထိမှပါဘဲ။

## သူကသာ အသွားဆုံး

စိတ်ကူး စဉ်းစား ကြံစည်တဲ့အတွေ့ကတော့ စိတ်ကူးတွေက တယ်သွားသကိုး၊ ကိုယ်ရောက်ဘူးတဲ့ နေရာတွေကို စဉ်းစားလိုက်ရင် ဖြုတ်ခနဲဆိုရောက်မသွားဘူးလား၊ ကိုယ်စိတ်ကူးတဲ့ပုဂ္ဂိုလ်တွေ စဉ်းစားရင် စိတ်ကူးထဲတွေ့နေတာ။

တရားအားထုတ်တဲ့အခါ သိပ်သိသာတယ်၊ တရားအားထုတ်တဲ့ယောဂီတွေက ဘုန်းကြီးတို့ညွှန်ကြားတဲ့အတိုင်း ဖောင်းတယ်ပိန်တယ် စသည်ဖြင့်မှတ်တယ်၊ စိတ်ကူးတွေက

http://www.dhammadownload.com



တခြားထွက်သွားတယ်၊ ဟိုလူနဲ့ တွေ့လိုက၊ ဟိုလူနဲ့တွေ့လိုက်၊ စိတ်ကူးထဲမှာတွေ့နေတာ၊ အဆင်မပြေတဲ့ ပုဂ္ဂိုလ်နဲ့တွေ့တော့ကို ငြင်းနေသေးတာကိုး၊ ရန်ဖြစ်နေရတာနဲ့ စိတ်ကူးထဲမှာ ကိုယ်တစ်ယောက်တည်း ရန်ဖြစ်နေရတာ၊ အဆင်ပြေတဲ့အာရုံနဲ့ကြတော့ ပြုံးပြုံး ပြုံးပြုံးနဲ့ပေါ့။

စိတ်ကူးတွေက ဒီလိုသွားနေတာ၊ အဲဒါတွေ့နေတာ၊ ဒီနိုင်ငံတွင်ဘယ်ကမလဲ၊ တခြားနိုင်ငံတွေလည်း ရောက်သွားတာပဲ၊ ရောက်ဘူးတဲ့နေရာဆို လွယ်လွယ်ကူကူလေးနဲ့ ရောက်တယ်၊ ကိုယ်မရောက်ဘူးတာတောင်မှ ကြားဘူးနာဝနဲ့ဆို ရောက်တာပဲ၊ စာထဲပေထဲကလာတိုင်း နတ်ပြည်တွေစဉ်းစားရင် ရောက်မ သွားဘူးလား၊ ရောက်တာပဲ၊ တာဝတိံသာ စဉ်းစားလည်း ရောက်တာပဲ၊ ယာမာစဉ်းစားလဲ ရောက်တာပဲ။

ဘယ်ကိုမဆို စိတ်ကူးလိုက်ရင် ရောက်တယ်၊ အဲဒီတော့ကြံသိတဲ့ အတွေးတွေက အင်မတန်ကျယ်ဝန်းတယ်၊ ကြံသိတဲ့အတွေးတွေနဲ့ တွေ့ပြီးတော့ ကောင်းတာကြံမိလို့ရှိရင် သုခဝေဒနာ ကောင်းတဲ့ချမ်းသာတဲ့ ကြံသိစိတ်တွေဖြစ်တယ်၊ မကောင်းတာကြံမိလို့ရှိရင် မကောင်းတဲ့ မခံသာတဲ့ ခံစားမှု ဒုက္ခဝေဒနာတွေဖြစ်တယ်။

## ဝေဒနာမီးတွေ

တစ်ခါတစ်ရံ ကောင်းတဲ့အာရုံတွေဖြစ်တော့ သိပ်ပြီးတော့ ဝမ်းမြောက်တာ၊ ဝမ်းသာတာ၊ စိတ်ညစ် စရာတွေ သွားစဉ်းစားမိတဲ့အခါ စိတ်ညစ်တယ်၊ ပင်ပန်းတယ်၊ အဲဒါ

http://www.dhammadownload.com



ဒေါမနဿဝေဒနာ ဒုက္ခဝေဒနာခေါ်တယ်။

သာမန်ရိုးရိုးတန်းတန်းအာရုံတွေ စဉ်းစားနေတဲ့အခါ ကျတော့ ကောင်းတယ်လည်း မဟုတ်လှပါဘူး၊ အလယ် အလတ်ပါပဲ၊ အဲဒီလိုခံစားမှုသုံးပါးနဲ့ စပ်ပြီးတော့ ရာဂ၊ ဒေါသ၊ မောဟမီးတွေလောင်နေတယ်။ အဲဒီမီးတွေငြိမ်းအောင် လုပ်ရမှာပဲ။

နှလုံးကိုလည်း လောင်သည်။

သဘောအာရုံများကိုလည်း လောင်သည်။

ကြံသိစိတ်ကိုလည်း လောင်သည်။

ကြံတွေ့မှုကိုလည်း လောင်သည်။

ကြံတွေ့လို့ ကောင်းတာ မကောင်းတာကိုလည်း လောင်သည်။

ဘာက လောင်သလဲ-

ရာဂမီးက လောင်သည်။

ဒေါသမီးက လောင်သည်။

မောဟမီးက လောင်သည်။

ဇာတိမီးက လောင်သည်။

ဇရာမီးက လောင်သည်။

မရဏမီးတွေက လောင်သည်။

သောကမီးက လောင်သည်။

ပရိဒေဝမီးတွေက လောင်သည်။

ဒုက္ခမီးတွေက လောင်သည်။

ဒေါမနဿမီးတွေက လောင်သည်။

http://www.dhammadownload.com



ဥပါယာသမီးတွေက လောင်သည်။

ဒီတစ်ဆယ့်တစ်ပါးသော မီးတွေက မျက်စိက လောင်စာငါးမျိုးရှိတယ်၊ မျက်စိကငါးမျိုးလောင်တယ်၊ အဆင်းစသည်လောင်စာငါးခု၊ မျက်စိရယ်၊ အဆင်းရယ်၊ မြင်တွေ့မှုရယ်၊ မြင်သိမှုရယ်၊ မြင်တွေ့လို့ကောင်းတာ မကောင်းတာရယ် လောင်စာငါးခု၊ ထင်းတွေ ဓာတ်ဆီတွေ လောင်နေသလိုပဲ။

မျက်စိကလည်းငါးခု၊
နားကလည်းငါးခု၊
နှာခေါင်းကလည်းငါးခု၊
လျှာကည်းငါးခု၊
ကိုယ်ကလည်းငါးခု၊
စိတ်ကူးစဉ်းစားကြံစည်မှုကလည်းငါးခု၊

လောင်စာတွေက ခြောက်ဒွါရက ငါးခု ငါးခုဆိုတော့ ငါးခုခြောက်လီ သုံးဆယ်။ အဲဒါတွေ မီးလောင်စာတွေတဲ့၊ ရာဂ ဒေါသ မောဟစတဲ့ ဆယ့်တစ်ပါးသောမီးတွေ လောင်ဖို့ ရာ လောင်စာတွေတဲ့။

## မီးလောင်စာတွေ

အခုလောကမှာတော့ မီးလောင်စာတွေကလဲ အရေးကြီးတာပဲ၊ မီးကလည်းအရေးကြီးတာပဲ၊ ထမင်းချက်မယ်ဆို ထင်းမရှိလို့ကလည်းမဖြစ်ဘူး၊ လေကတော့သူက အသုံးကျနေတာကိုး၊ မီးသွေးနဲ့ချက်ရင် မီးသွေးကလိုနေတာပါပဲ၊ အသုံး

http://www.dhammadownload.com



ကျတယ်၊ မီးလောင်စာတွေက အသုံးကျတယ်။

မီးလောင်စာ မျက်စိတို့ အဆင်းတို့ မြင်သိမှုတို့ ဒါတွေကလဲ ပုထုဇဉ်တွေအနေနဲ့ကတော့ အကောင်းတွေပါပဲ၊ မီးလောင်စာ ကောင်းကောင်းတွေ လိုချင်နေကြတာပဲ မဟုတ်လား၊ မီးလောင်စာတွေလိုနေလို့ ဖြည့်ပေးနေရတယ်၊ မီးလောင်စာတွေ လိုက်ရှာနေရတယ်၊ လောင်စာတွေဖြည့်ပေးနေရတယ်၊ လောင်စာမရှိရင် ရှာရပြီး အင်မတန်ဒုက္ခရောက်တယ်။

စားစရာတွေ သောက်စရာတွေ အရေးကြီးတာပေါ့၊ အဲဒါလောင်စာတွေရှာရတာ၊ တွေ့ထိစရာတွေလည်း ရှာရတာပါပဲ။

## စိတ်ကူးမီးလောင်စာ

စိတ်ကူးစရာကလဲပဲ သူကလဲရှာတန်သလောက်တော့ ရှာနေရတာပဲ၊ ဒါပေမယ့်သူကတော့ ဒီအတိုင်း စိတ်ကူးလဲ ရတန်သလောက်တော့ရတာပါပဲ၊ ဒါပေမယ့် တကယ်မဟုတ်တာတွေ စိတ်ကူးရတာတယ်ပြီးအရသာမရှိဘူး၊ တကယ်ဖြစ်မြောက်နိုင်တာတွေ စိတ်ကူးရမှ သူကအရသာရှိတာ။

## မီးလောင်စာသုံးဆယ်နှင့် မီးရသေ့ရဟန်းတစ်ထောင်

ဒွါရခြောက်ပါးက မီးလောင်စာ ငါးခုစီဆိုတော့ မီးလောင်စာသုံးဆယ်ရှိတယ်၊ လူတစ်ယောက်မှာသုံးဆယ်၊ လူတစ်ယောက်မှာ သုံးဆယ်နဲ့ လူတိုင်းမှာ မီးလောင်စာတွေ ရှိတယ်မဟုတ်လား။ လူတိုင်း လူတိုင်း မီးတွေတဟုန်းဟုန်း

http://www.dhammadownload.com



လောင်နေကြတာတွေ၊ မျက်စိကလောင်လိုက်၊ နားကလောင်လိုက် နှာခေါင်းကလောင်လိုက် လောင်လိုက်တာလေ။

ခုနက မီးပူဖော်တဲ့ရသေ့တွေက ဖြစ်လာတဲ့ရဟန်းတွေဆိုတော့ သိပ်သဘောပေါက်တာပေါ့၊ သူတို့ကလည်း မီးထည့်ပြီးအမြဲပူဖော်နေတာကိုး၊ ခုလည်းပဲ မီးဖိုနဲ့ဘာနဲ့ချက်ပြုတ်နေတဲ့လူတွေက သဘောပေါက်စရာကောင်းတာပါဘဲ၊ ဒီလိုလောင်နေတာပါလား၊ ဒို့ကိုယ်ထဲမှာ ရာဂ ဒေါသ မောဟမီးတွေ လောင်နေတာပါလား၊ အဲဒီမီးတွေမလောင်အောင်ဘယ့်နှယ်လုပ်ရမလဲဆိုရင်–

မြင်ကြားသိတိုင်း မဆိုင်းမှတ်ပါ။
ရုပ်နာမ်မမြဲ ဆင်းရဲချည်းသာ။
ငါကောင်လည်းပျောက် မျက်မှောက်မြင်ကာ၊
ဆယ့်တစ်သီး ဤမီးငြိမ်းစေရာ။

## ရှုမှတ်နေမှု

မြင်တိုင်းမြင်တိုင်း သတိပဋ္ဌာန်နည်းနဲ့ အမှတ်ရပြီးတော့ သိနေရမယ်၊ မရှုမမှတ်လို့မသိတာ၊ သဘောတရားတွေက သူ့ဟာသူ ဖြစ်နေတာ ရှိနေတာပါပဲ၊ မမြဲတဲ့တရားတွေပဲ၊ ဖြစ်ပြီးပျက်နေတာတွေ၊ မရှုလို့မသိတာ၊ ရှုရင်တော့ သိတယ်။

အခုလမ်းမှာ လူတွေသွားနေတယ် မဟုတ်လား၊ ယာဉ်ရထားတွေလည်း သွားနေကြတယ်၊ ဒါကစောင့်ပြီးကြည့်နေရင် အကုန်လုံးမြင်နေ သိနေနိုင်တယ်မဟုတ်လား၊ အေး–

http://www.dhammadownload.com



သွားမကြည့်ဘဲ ဒီအတိုင်းတော့ ဘယ်သိမတုန်း၊ လှူပေါင်း ဘယ်လောက်သွားတယ်၊ ယာဉ်ပေါင်းဘယ်လောက်သွား တယ်၊ ဘယ်သိမလဲ၊ ဒီအတိုင်းဆိုရင် မသိနိုင်ဘူး။ စောင့်ကြည့် နေရင် အကုန်လုံးသိတာပေါ့။

## ရှုမှတ်မှ မီးငြိမ်းတယ်

ဒါလဲပဲ မိမိတို့ မျက်စိတို့ နားတို့ကနေပြီးတော့ ခုနက လောင်စာတွေဖြစ်တိုင်း ဖြစ်တိုင်းလိုက်ပြီး တော့ ကြည့်ရမယ်၊ လောင်စာတွေ ရှုလို့ရှိရင် လောင်စာတွေ မီးမလောင်ဘူး၊ မီးငြိမ်းမယ်။

မီးလောင်တာနဲ့ ငြိမ်းတာ ဘယ်ဟာကောင်းမလဲ၊ ငြိမ်းတာကောင်းပါတယ်၊ မီးငြိမ်းဖို့က ဒါအရေးကြီးပါတယ်။

## မီးနဲ့အရသာ

ဒါပေမယ့် လောကထဲ ပုထုဇဉ်တွေကတော့ မီးလောင် တာလေးကို အရသာခံနေတာကိုး၊ မီးလောင်စာလေး မီးမလောင်မှာတောင် စိုးရိမ်နေရတယ်၊ ရာဂမီးကလောင် ချင်တာကိုး။

မြင်ရာကလည်း လောင်ချင်တယ်။
ကြားရာကလည်း လောင်ချင်တယ်။
နံရာကလည်း လောင်ချင်တယ်။
စားရာကလည်း လောင်ချင်တယ်။
တွေ့ထိရာကလည်း လောင်ချင်တယ်။ အဲဒါလေး

http://www.dhammadownload.com



တွေကို အရသာလေးတွေ ပေါ်နေတယ်လို့ ထင်ကြတယ်၊ ကိလေသာမကင်းသေးလို့ ခင်မင်တွယ်တာတဲ့ တဏှာလေးရှိနေလို့။

## ဖြစ်ပြီးပျောက်ပါပဲ

အမှန်စစ်စစ် မီးဆိုတာ မကောင်းတဲ့ သဘောတရားတွေပဲ၊ ငြီးငွေ့စရာတွေပဲ၊ အဲဒီမြင်သိတာတွေ မြင်တိုင်းကြားတိုင်းကို ရှုမှတ်နေရင် ဘုန်းကြီးတို့ ညွှန်ကြားတဲ့အတိုင်း သတိပဋ္ဌာန်နည်းအတိုင်း ရှုမှတ်နေရင် သူ့အခိုက်အတန့်နှင့်သူ သူ့သဘောအတိုင်း ဖြစ်ပျက်နေတာတွေ၊ မှတ်တိုင်းမှတ်တိုင်း ဖြစ်ပြီးပျက် ဖြစ်ပြီးပျက်နှင့် ပေါ်လာတဲ့အာရုံရော မှတ်သိတဲ့အာရုံရော ဖြစ်ပြီးပျောက်သွားတယ်။

## ဆင်ခြင်ယုံမျှဖြင့် ရုပ်နာမ်ကွဲပါမလား

တချို့ကတော့ စဉ်းစားဆင်ခြင်ပြီး ရုပ်တရားတွေဟာ ဖြစ်ပျက်နေတာပဲ၊ ဆင်ခြင်တဲ့စိတ်ထဲတော့ အနိစ္စပဲ၊ ဒုက္ခပဲ ဆင်ခြင်နေတယ်၊ အဲဒီတော့ သူ့နည်းနဲ့သူတော့ အနိစ္စ ဒုက္ခ တော့ထင်နေတာပါပဲ၊ ဒါပေမယ့် အဲဒီဆင်ခြင်နေတဲ့ စိတ်ကလေးရဲ့ အဖြစ်အပျက်ကိုတော့ သူမသိဘူး၊ ငါကသိနေတယ်၊ သိနေတာငါပဲ၊ "ငါ"ကိုပဲစွဲလမ်းစရာဖြစ်နေတယ်၊ အဲဒီငါတွေကမြဲနေတယ်၊ နိစ္စဖြစ်နေတယ်၊ အဲဒါလေးကို ကောင်းတယ်ထင်နေတယ်၊ အဲဒါသုခဖြစ်နေတယ်၊ အဲဒါ အသက်ရှင်နေတဲ့ ငါ့ကောင်ပဲ၊ အဲဒါအတ္တစွဲဖြစ်နေတာ၊

http://www.dhammadownload.com



အဲဒါနေရာမကျဘူး။

## သတိပဋ္ဌာန်နည်းကျအားထုတ်မှု

သတိပဋ္ဌာန်နည်းအတိုင်း ဖြစ်တိုင်း ဖြစ်တိုင်း လိုက်ကြည့်နေတော့ ဖြစ်တိုင်းဖြစ်တိုင်း သမာဓိဉာဏ်တွေရင့်ပြီးတော့ အဲဒီအာရုံတွေလည်း ရှုသိနေတဲ့စိတ်လည်း သိပြီးပျောက် သိပြီးပျောက်၊ အထူးမစဉ်းစားရဘူး၊ ဖြစ်တိုင်း ဖြစ်တိုင်း ပေါ်ပျောက် ပေါ်ပျောက်တွေပါပဲ၊ ဖြစ်ပျက်ဆိုတာကို တကယ်သိသွားတာ။

သိစရာအာရုံကလည်း ပျောက်သွားတာ၊ သိတဲ့စိတ်ကလဲ ပျောက်သွားတာ အတွဲလိုက် အတွဲလိုက်၊ မြင်တယ်ဆိုရင် မြင်တာရော သိတာရောပျောက်။

ကြားတယ်ဆိုရင်ကြားတာရော သိတာရောပျောက်၊

တွေးတယ်ဆိုရင် တွေးတာရော သိတာရာပျောက်၊

ခြေလှမ်းတဲ့အခါ ကြွတယ်ဆိုရင် ကြွတာသိတာပျောက်၊

လှမ်းတယ်ဆိုရင် လှမ်းတာရော သိတာရောပျောက်၊

အဲဒီဖြစ်တိုင်း ပျက်တိုင်း ဖြစ်ပြီးပျောက်၊

အဲဒီလိုပဲ ကိုယ်ထဲကနာတယ် ကျင်တယ် ကိုက်ခဲတယ်။

နာရင်နာတယ်ဆိုတဲ့ နာတာလေးလဲပျောက်၊ သိတာလေးလဲပျောက်၊ အကုန်လုံးသိနေတယ်။

အဲဒါကို ဘုန်းကြီးက ဒီမှာအကျဉ်းချုပ်လေး–

မြင်ကြား သိတိုင်း မဆိုင်းမှတ်ပါ

http://www.dhammadownload.com



ရုပ်နာမ်မမြဲ ဆင်းရဲချည်းသာ၊
မြင်တာရယ်၊ ကြားတာရယ်၊ 'သိ'ဆိုတာက အကုန်လုံးသိနေတာတွေ၊ နံပြီးသိတာ၊ အရသာစားပြီးသိတာ၊ ကြံပြီးသိတာ၊ ဒီလေးမျိုးကို တွေးပြီးသိတာ၊ မြင်ကြားတာက နှစ်ခု၊ သိတာကလေးခု၊ ခြောက်ဒွါရကပါပဲ။

## အားထုတ်ပုံ

ဆိုင်းမနေနှင့် ရပ်မနေနှင့် တရားအားထုတ်တယ်ဆိုပြီး ခဏတဖြုတ်အားထုတ်ပြီး နားနေရင် စကားတွေပြောနေရင် သမာဓိလဲကောင်းကောင်းမဖြစ်၊ ဉာဏ်လဲကောင်းကောင်း ဘယ်ဖြစ်ပါ့မလဲ၊ မြင်တိုင်း ကြားတိုင်းပင်မဆိုင်းပဲနှင့်ကို မရပ်ပဲနှင့်ကို အမြဲမပြတ်ရှုမှတ်နေမှ၊ အဲဒီလို ရှုမှတ်ကျင့်နေလို့ ရှိရင် အာရုံကိုသိတဲ့ ရုပ်နှင့်နာမ်နှစ်ခုလုံးပဲ အာရုံကို မသိတတ်တဲ့ ရုပ်ကိုယ်ကြီးနှင့် အာရုံကိုသိတဲ့ စိတ်နာမ် ဒါလေးနှစ်ခုရှိတာပဲ ဆိုတာကို ကိုယ်တိုင်ပဲသိပါတယ်၊ အဲဒါလဲ ဆရာသမားတွေ ပြောလို့ ယုံရတာ သူများပြောလို့ သိရတာမဟုတ်ပါဘူး၊ သူ့အခိုက်အတန့်နဲ့သူဖြစ်ပြီး မမြဲဘူး၊ ဆင်းရဲတယ်၊ သူ့အခိုက်အတန့်သူဖြစ်ပြီး ပျက်သွားလို့ ဆင်းရဲပဲ အခံခက်လို့ဆင်းရဲ အစုအဝေးကြီးလို့ ထင်လာပါတယ်။

## ရုပ်နာမ်မမြဲ ဆင်းရဲချည်းသာ

ရုပ်နာမ်နှစ်ပါးအဖြစ်နှင့်လည်း ခွဲခြားပြီးသိတယ်၊ မမြဲဘူးလို့ လည်းသိတယ်၊ ဆင်းရဲတွေချည်းပဲလို့လည်း ခွဲခြား

http://www.dhammadownload.com



ပြီးသိတယ်၊ ဒီလိုလည်း သဘောကျပြီးသိတယ်။

ငါကောင်လည်း ပျောက်တယ်၊ အစတုန်းက ငါကောင် အသက်ရှင်နေတဲ့အကောင်လေးအနေနဲ့ စွဲလမ်းနေတယ်၊ အဲဒီ ငါကောင်လည်း ပျောက်ပါတယ်၊

ငါကောင်လည်းပျောက် မျက်မှောက်မြင်ကာ
ကိုယ်တိုင်သိရတာ သူများပြောလို့ယုံရတာမဟုတ်ဘူး၊
ဆယ့်တစ်သီး ဤမီးငြိမ်းပြီတဲ့။

အဲဒီခြောက်ဌာနက မီးလောင်စာသုံးတယ်၊ အဲဒါ တွေကလည်း မပြတ်လောင်နေတာပဲ၊ လောင်နေကြတာပဲ အကြီးနဲ့ အသေးသာကွာတာ၊ အဲဒါကို မြတ်စွာ ဘုရားက-

"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော စက္ခုသ္မိံပိ နိဗ္ဗိန္ဒတိ၊ ရူပေသုပိ နိဗ္ဗိန္ဒတိ၊

စက္ခုဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ၊ စက္ခုသမ္ဖဿေပိ နိဗ္ဗိန္ဒတိ၊ ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ။

ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ၊ တသ္မိံပိ နိဗ္ဗိန္ဒတိ။"

မြင်ရာဌာနက လောင်စာငါးမျိုးမှာ မီးငြိမ်းသွားပုံ၊ အဲဒီမှာငြီးငွေ့တယ်တဲ့။

## ငြီးငွေ့ပြီ

အခုပြောခဲ့တဲ့အတိုင်း မြင်ရာက မျက်စိရော၊ အဆင်း ရော မြင်သိတာရော၊ မြင်တွေ့တာရော၊ မြင်တွေ့လို့ကောင်း တာ မကောင်းတာရော၊ မီးတွေလောင်နေတယ်တဲ့၊ ရာဂလည်း

http://www.dhammadownload.com



ဖြစ်၊ ဒေါသလည်းဖြစ်၊ မောဟလည်းဖြစ်၊ အဲဒါကိုအကြောင်းပြုပြီးတော့ အားထုတ်ပြုလုပ်လို့ရှိရင် ကံကအကျိုးပေးပြီးတော့ ဘဝအသစ် ဇာတိဖြစ်ရပါတယ်။ ဇာတိမီးလောင်ပြီး အဲဒီဘဝမှာ အိုရတယ်၊ သေရတယ်၊ စိုးရိမ်ပူဆွေးငိုကြွေး ရတယ်၊ ကိုယ်ဆင်းရဲ အမျိုးမျိုးတွေ ဖြစ်ရတယ်၊ ကိုယ်စိတ်နှလုံးပြင်းစွာ ပူပန်ရတယ်။

ဒီမီးတွေလောင်တယ်၊ မြင်ရာကလည်းလောင်တယ်၊ ကြားရာကလည်းလောင်တယ်၊ နံရာကလည်း လောင်တယ်၊ စားသိရာကလည်းလောင်တယ်၊ တွေ့ထိရာကလည်းလောင်တယ်၊

အဲဒီလို သိရှိလို့ရှိရင် မျက်စိကလည်းပဲ ပျော်စရာမကောင်းဘူး၊ မျက်စိမှာလည်းငြီးငွေ့တော့တာပဲ မြင်ရတဲ့ အဆင်းတွေလည်း ငြီးငွေ့တော့တာပဲ၊ မြင်ရတဲ့အဆင်းတွေလည်း ငြီးငွေ့တယ်။

## မီးငြီးငွေ့မှုနဲ့လွတ်မြောက်မှု

ခုလူတွေကတော့ ကိုယ့်မျက်စိလေးနဲ့ကိုယ် ပျော်တယ်ကိုး၊ အဲဒီအမြင်တွေပျောက်မှာပဲ စိုးရိမ်နေရတယ်၊ ထို့အတူ–

မြင်ရတဲ့အဆင်းမှာလည်း ပျော်နေတယ်၊ မြင်သိရတာမှာလည်းပျော်နေတယ်၊ အဲဒီမြင်ရတဲ့ အဆင်းတွေ ပျောက်သွားမှာ ကိုလည်း စိုးရိမ်နေရတယ်။

ထို့အတူ ကြားရာကလည်းပျော်တယ်၊ မြင်ရာကြားရာကအစ အကုန်းလုံးပျော်နေကြတာ၊ အခုမြတ်စွာဘုရားဟောတဲ့

http://www.dhammadownload.com



အတိုင်း ရာဂ ဒေါသ မောဟမီးတွေလောင်နေတယ်၊ ခဏာမစဲ ဖြစ်ပျက်နေတဲ့ တရားတွေ အနိစ္စ ဒုက္ခ အနတ္တတရားတွေပဲလို့ သိပြီဆိုရင်တော့ ငြိမ်းငွေ့ပြီတဲ့။

ဘယ်ဟာမှ နှစ်သက်သာယာမှု မဖြစ်တော့ဘူး၊ ယခု ရှိနေတဲ့ ရုပ်နာမ်ခန္ဓာတွေလည်း အလိုမရှိတော့ဘူး၊ နောင် လည်း ဖြစ်ဖို့ရာ မတောင့်တတော့ဘူးပေါ့၊ နိဗ္ဗိန္ဒံ–ငြီးငွေ့သည် ရှိသော်၊ ဝိရဇ္ဇတိ–တပ်မက်ခြင်းကင်းသည် ဖြစ်သွားလေ တော့၏။

တပ်မက်သာယာခြင်းကင်းပြီး အရိယာမဂ်ဖြစ်တယ်၊ အရိယာမဂ်ရောက်တယ်၊ ဝိရာဂါ ဝိမုစ္စတိ၊ ဝိရာဂါ–တပ်မက်ခြင်း ကင်းသောကြောင့်၊ ဝိမုစ္စတိ–ထွက်မြောက်၍ သွားလေ တော့၏။

## နိဗ္ဗာန်ဆိုက်ရောက်ပုံ

အရိယာမဂ်ဖြစ်၍ အရိယာဖိုလ်နဲ့နိဗ္ဗာန်အာရုံရောက်ပြီး အာသဝေါအစွဲအလမ်းတွေ ကိလေသာတွေက လွတ်မြောက် သွားပြီ။

တစ်နေရာက ရုပ်ခနဲထွက်သွားသလိုပဲ၊ ရုပ်နာမ်သင်္ခါရ တွေငြိမ်းတဲ့နေရာ ရုတ်ခနဲရောက်သွားတာ။ (အချိန်ရှိရင် ဟောရမှာပေါ့၊ အခုတော့ အချိန်ကကုန်နေပါပြီ၊ နာရီကစေ့ တောင်စေ့သွားပြီလားမသိဘူး။)

လွတ်မြောက်သွားပြီ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ–ကိုယ့်စိတ်ကလေးလွတ်မြောက်သွားတဲ့အခါ လွတ်

http://www.dhammadownload.com



မြောက်သွားပြီလို့ ဒီလိုလည်းသိတယ်တဲ့၊ သိတာပေါ့ ရှုရင်း မှတ်ရင်းနဲ့ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို သိရင်းသိရင်းနဲ့ နောက်ဆုံးတစ်နေ့ကျရင် အဲဒါသိရင်းနဲ့ ဖြုန်းခနဲ ရုပ်နာမ် သင်္ခါရတွေငြိမ်းရာရောက်သွားတာကို၊ ကိုယ့်ဟာကိုယ် ရောက်တော့သိတာပေါ့

## ပြန်လှည့်ဆင်ခြင်ပုံ

အဲဒါ လွတ်သွား ထွက်သွားမှန်းသိတယ်၊ ပြန်ဆင်ခြင်တယ်၊ အရဟတ္တမဂ်နဲ့ အခုဟာက ရဟန္တာဖြစ်ပြီးတော့ ပြန်ဆင်ခြင်ပုံကိုပြောတယ်။

ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ဘဝသစ်ဖြစ်ပေါ်မှုလည်းကုန်ပြီ။

အကျင့်မြတ်ကျင့်သုံးမှုလည်းပြီးပြီ။

ပြုစရာကိစ္စတွေလည်း ပြုပြီးသွားပြီ။

အရိယာမဂ်လေးပါးဖြင့် ပြုသင့်ပြုထိုက်တာတွေ ပြုပြီးသွားပြီတဲ့။

ရဟန္တာဖြစ်တာကိုပြောနေတာ။

ဤကိစ္စအတွက် နောက်ထပ်တစ်ဖန် လုပ်စရာကိုင်စရာ လည်းမရှိတော့ပြီ၊ ပြီးသွားပြီတဲ့၊ ဆင်ခြင်ပြီးသိပါတယ်တဲ့။

ရဟန္တာများ ရဟန္တာဖြစ်ပြီးတဲ့အခါ ဆင်ခြင်ပုံကို မြတ်စွာဘုရားဟောတာပါ။

http://www.dhammadownload.com



## တရားနိဂုံး

အဲဒါနိဂုံးသတ်ပဲ၊ အခုပုဂ္ဂိုလ်တွေလဲဒီအတိုင်းပဲ မြင်ရာ၊ ကြားရာ၊ နံရာ၊ စားသိရာ၊ ထိသိရာ၊ စဉ်းစားကြံစည်ရာ၊ ဌာနခြောက်ပါးကစပြီး မီးလောင်စာတွေက ငါးမျိုးစီ ငါးမျိုးစီနဲ့၊ သုံးဆယ်ရှိတယ်၊ အဲဒီကမြင်တိုင်း ကြားတိုင်း မီးတွေလောင်နေတယ်။

အဲဒါတွေမလောင်ရအောင်က အခုပြောခဲ့တဲ့ဟောဒီ ရှုမှတ်ပုံနဲ့မှတ်ရမှာ–

မြင်ကြားသိတိုင်း မဆိုင်းမှတ်ပါ။

ရုပ်နာမ်မမြဲ၊ ဆင်းရဲချည်းသာ၊

ငါကောင်လည်းပျောက်၊ မျက်မှောက်မြင်ကာ။

ဆယ့်တစ်သီး၊ ဤမီးငြိမ်းစေရာ။

တစ်ခေါက်ဆိုပြီးတော့ တရားသိမ်းရအောင်၊ အချိန်က ကုန်သွားပြီ၊ တရားအားထုတ်ဖို့ရာတော့ အချိန်မဆိုင်းရဘူး။

အချိန်က ကုန်သွားပြီ၊ အမျှဝေပြီး တရားသိမ်းကြရအောင်။

## အမျှဝေမေတ္တာပို့

ယနေ့အဖို့၌ ကျွန်ုပ်တို့ ပြုစုပွားများ အားထုတ်အပ်သော ဒါနကုသိုလ် သီလကုသိုလ် ဘာဝနာကုသိုလ် ဝေယျာဝစ္စကုသိုလ် တရားဟောရသောကုသိုလ် တရားနာရသောကုသိုလ် အစရှိသော ဤကုသိုလ်အပေါင်း၏ အဖို့ဘာဂကို အမိအဖတို့

http://www.dhammadownload.com



အား အမျှပေးဝေပါကုန်၏။ ဤအရပ်၌ ရောက်ရှိနေကြသော လူပရိသတ်၊ နတ်ပရိသတ်အား အမျှပေးဝေပါကုန်၏။ အလုံးစုံသော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အမိအဘတို့မှစ၍ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ။

အမျှ..... အမျှ..... အမျှ.....

သာဓု..... သာဓု..... သာဓု.....

ကျေးရှူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူအပ်သော

အာဒိတ္တသုတ္တန်တရားတော်ပြီးပြီ။